ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့၊ (2-1-2005) (၄၄၆၆)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။ (အောက်ပုံ) (သတင်းစဉ်)

သမိုင်းကပေးသည့် နိုင်ငံရေးအဖြေသည် ပြည်ထောင်စု မပြိုကွဲရေးဖြစ်

ဒီနိုင်ငံရဲ့ သမိုင်းကို ပြန်ကြည့်ရင် တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်မှု ခိုင်မာတဲ့ခေတ်တွေမှာ နိုင်ငံတော်ဟာ အင်အား တောင့်တင်းခဲ့တယ်။ တိုင်းရင်းသား အချင်းချင်း အစည်းပြေတဲ့အခါ သူတစ်ပါးက ကျူးကျော်လာခြင်း မရှိတာတောင်မှ အချင်းချင်း ကြားက ပဋိပက္ခတွေကို ဖြေရှင်းနေရတာနဲ့ နိုင်ငံတော်ဟာ အလိုလို ခေတ်နောက်ကျပြီး အဘက်ဘက်က အင်အားချည့်နဲ့သွားစမြဲ ဖြစ်တယ်။ ဒါ့ကြောင့် ဒီနိုင်ငံအတွက် သမိုင်းကပေးတဲ့ အဖြေဟာ ပြည်ထောင်စုမပြိုကွဲရေးနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့ပဲဖြစ်တယ်။ အဲဒီအခြေအနေဆိုးကို ရောက်ရင် အချုပ်အခြာအာဏာဟာ မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး ဆုံးရှုံးရမှာပဲဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း
အမှတ်စဉ်(၃) သင်တန်းဆင်းပွဲ မိန့်ခွန်းမှ-

မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာဆောင်ရွက်နိုင်ရေး တစ်မျိုးသားလုံး ပူးပေါင်းပါဝင်

အမျိုးသားရေးတာဝန်အသိစိတ်ဓာတ်သည် နိုင်ငံသားတိုင်း၌ ကိန်းအောင်းရမည့် မွန်မြတ်သောစိတ်ဓာတ်ဖြစ်
နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံဂုဏ်နှင့်လူမျိုးဂုဏ်ကိုမြှင့်တင်နိုင်

ရန်ကုန် ဇန်နဝါရီ ၁

မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မကွေးတိုင်းအတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉နာရီတွင် မကွေးတိုင်း မကွေးမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မကွေးတိုင်း၊ခရိုင်၊မြို့နယ်၊ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ထုးချွန်လူငယ်များ တက်ရောက်ကြသည်။



ရှေးဦးစွာ မြို့တော်ခန်းမရှေ့၌ လွှင့်တင်ထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်များကို မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား၊ ကျောင်းသူလေးများက **"ပြည်မြန်မာ"** သီချင်းနှင့် **"ရာသက်ပန်ပြည်ထောင်စု"** သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

အဖွင့်အမှာစကားပြောကြား

ယင်းနောက် အစည်းအဝေးကို စတင်ကျင်းပရာ သဘာပတိမကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် အသင်းကြီး၏သက်တမ်းဘဲနှစ်တာကာလအတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သည့်အတိုင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)ကို ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ကျင်းပခဲ့ရာ ချမှတ်ထားသည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂-၁-၂၀၀၅
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမားဇာနည်အောင်စစ်သည် ဖြစ်အောင်ကြိုးပမ်း တပ်မတော်၏အစဉ်အလာကောင်းများစောင့်ထိန်း

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၃၁ ရက်နေ့က ရန်ကုန်မြို့ တပ်မတော် ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် **သမားဇာနည်အောင်စစ်သည်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ရဲစွမ်းသတ္တိရှိတဲ့ တပ်မတော်သားကောင်းတစ်ဦး၊ ထက်မြက်တဲ့ဆေးပညာရှင်တစ်ဦးဖြစ်အောင် ကြိုးစားကြပါ၊ တစ်ဦးချင်း စံနမူနာပြနေထိုင်ပြီး လက်အောက်ငယ်သားများရဲ့ အားထားယုံကြည်ခြင်းကို ခံယူရရှိတဲ့ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကျင့်ကြံအားထုတ်ကြပါ၊ တပ်မတော်ရဲ့ မွန်မြတ်တဲ့အစဉ်အလာကောင်းတွေကို အသက်ပေးပြီး စောင့်ထိန်းကြပါ၊ ရောက်ရာဒေသမှာတွေ့ရတဲ့ ပြည်သူကို မိဘအရင်းအချာလို့ ခံယူပြီး အလုပ်အကျွေးပြုကြပါ** ဟူ၍ မှာကြားခဲ့သည်။

လူ့အဖွဲ့အစည်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံး လိုအပ်ချက်မှာ ကျန်းမာရေးပင်ဖြစ်သည်။ ကျန်းမာခြင်းသည် ဉာဏ်ရည်မြင့်မားရေးကို အထောက်အကူပြုစေသည်ဖြစ်ရာ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည်လည်း မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် မြင့်မားသည်ထက်မြင့်မားအောင် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် တပ်မတော် ဆေးဝန်ထမ်းဗိုလ်လောင်းများအနေဖြင့် မိမိတို့တတ်ကျွမ်းသည့် ဆေးပညာဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့ကို အလုပ်အကျွေးပြုကြရမည် ဖြစ်သည်။

တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းကပင် ခွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။ အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားပြီး မျိုးချစ်စိတ်ဓာတ် ထက်သန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အစဉ်အလာကောင်းများကို ဆက်လက်သယ်ပိုးထမ်းရွက်သွားကြရမည်ဖြစ်သည်။

တပ်မတော် ဆေးတက္ကသိုလ် သင်တန်းဆင်း ဗိုလ်လောင်းများသည် သမားဇာနည်အောင်စစ်သည်များဖြစ်ကြသည်နှင့်အညီ တပ်မတော် ဆေးဘက်ဆိုင်ရာတာဝန်များနှင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော် ဆေးတက္ကသိုလ် သင်တန်းဆင်း ဗိုလ်လောင်းများအနေဖြင့် ဒေသအလိုက် ကျန်းမာရေး အသိပညာ အတိုင်းအတာ၊ ဒေသ၏စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်တတ်သော ရောဂါဝေဒနာများနှင့် ရောဂါကာကွယ်စောင့်ရှောက်မှုများကို လေ့လာစုဆောင်း မှတ်တမ်းတင်ကြရမည်ဖြစ်သည်။ သို့မှသာ အမျိုးသား ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်သည် ကျန်းမာကြံ့ခိုင်တိုက်နိုင်ရန်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြရသည့်စစ်သည်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ ကိုယ်ခံအားကောင်းမွန်ရေး၊ ကာယဗလ တောင့်တင်းရေးတို့အတွက် ပြုစုစောင့်ရှောက်ပေးကြရမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်စွာစားသောက်နေထိုင်ရေး၊ အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ ဒေသအလိုက်ရရှိနိုင်သည့် အစားအသောက်များဖြင့် ကျန်းမာရေးကောင်းမွန်အကျိုး သက်ရောက်မှုရှိစေမည့် ပညာပေးမှုများကိုလည်း ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းများသည် ဆေးဘက်ပညာရှင်များဖြစ်သည့်နည်းတူ စစ်ဘက်ခေါင်းဆောင်ငယ်များလည်းဖြစ်ကြသည်။ ထို့ကြောင့် လက်အောက်ငယ်သားများက အားထားလေးစား ယုံကြည်ခြင်းခံရသည့် ခေါင်းဆောင်ကောင်း ဖြစ်စေရန် ခေါင်းဆောင်မှု အင်္ဂါရပ်များနှင့် ညီညွတ်စွာနေထိုင်ရင်း တပ်မတော်သားကောင်းဘဝကို ခံယူကြရမည်ဖြစ်သည်။ မိမိတပ်ဖွဲ့၏ကောင်းရာကောင်းကျိုးအတွက် အစဉ်ကြိုးပမ်းလိုစိတ်ရှိရမည့်အပြင် တပ်မတော်၏မွန်မြတ်သည့် အစဉ်အလာကောင်းများကိုအသက်ပေး၍ စောင့်ထိန်းသွားကြရမည်ဖြစ်သည်။

ထို့အပြင် ဆေးပညာရှင်များ ဖြစ်သည့်အတွက် ဆေးကုသရေးလုပ်ငန်း၏ ဂုဏ်သိက္ခာကိုလည်း စောင့်ထိန်းကြရမည်ဖြစ်သည်။ စစ်ပညာကို အမြဲတမ်းလေ့ကျင့်နေပြီး အထူးသဖြင့် အနာဂတ်ကမ္ဘာတွင် ပေါ်ပေါက်လာမည့် ရှုပ်ထွေးဆန်းပြားသော တိုက်ပွဲပုံစံများအကြားတွင် ကာကွယ်ကုသနိုင်ရေးအတွက် စစ်ပညာနှင့်ဆေးပညာကို ယှဉ်တွဲ သုတေသနပြုကြရမည်ဖြစ်သည်။

သင်တန်းဆင်းဗိုလ်လောင်းများသည် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်ပညာနှင့် စစ်ဘက်ခေါင်းဆောင်မှုများကို လေ့ကျင့်သင်ကြားထားပြီးဖြစ်ရာ စစ်မြေပြင်အတွေ့အကြုံများ ရင့်ကျက်စေရေးအတွက် ဆက်လက်ဖြည့်ဆည်းကြရမည်ဖြစ်သည်။ တပ်မတော်သားကောင်း ပီသစွာ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ရဲဝံ့စွန့်စား ထမ်းဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်ဆေးတက္ကသိုလ် သင်တန်းဆင်း ဗိုလ်လောင်းများအနေဖြင့် သမားဇာနည် အောင်စစ်သည်များပီပီ တပ်မတော်ဆေးဘက်ဆိုင်ရာ တာဝန်များနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထူးချွန်ထက်မြက်စွာ ထမ်းဆောင်ရင်း နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသည့်ဆေးပညာရှင်များဖြစ်ရေး ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့် ဘုတ်ပြင်းနှင့်တနင်္သာရီမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၁

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းက ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး သပြေခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက မြို့နယ်၏ဒေသဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးက ဒေသဝမ်းစာဖူလုံရေးအတွက်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်းရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အကျယ်တဝင့်ရှင်းလင်းမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်တိုင်းမှူးသည်ဘုတ်ပြင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ ဆေးရုံတွင်လူနာများအသုံးပြုရန်အောက်စီဂျင်စက်တစ်လုံး ဝယ်ယူရန်အတွက် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေ ကျပ်သုံးသိန်းကို တိုင်းမှူးကလည်းကောင်း၊ အလှူရှင်ဦးမောင်လေးက လှူဒါန်းငွေကျပ်နှစ်သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာသန်းဝင်းက လက်ခံရယူသည်။

ထို့နောက် တိုင်းမှူးသည် ဘုတ်ပြင်းမြို့ မာရ်အောင် ကျောင်းတိုက်သို့ ရောက်ရှိပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆောက်လုပ်ပြီးစီးမှု အခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒေါ်ခင်စိုး(အဏ္ဏဝါစိုး) ကုမ္ပဏီက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းဆောက်လုပ်ရေးတာဝန်ခံ ဦးမောင်လေးက လက်ခံရယူသည်။

အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသည် အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေ ရှိပြီး ငွေကျပ် ၆၄သိန်း အကုန်အကျခံ ဆောက်လုပ် လျက်ရှိကြောင်းသိရသည်။

ဆက်လက်၍တိုင်းမှူးသည်ဘုတ်ပြင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအတွင်း စာသင်ခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကော့သောင်း-ဘုတ်ပြင်း-မြိတ်လမ်း မိုင်တိုင်အမှတ် ၁၂၀/၆နှင့် ၁၂၀/၇ အကြား ဂဝံမြေဖြန့်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ကားလမ်းဝဲယာ တစ်လျှောက် ကုမ္ပဏီများမှ ဆီအုန်းစိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၈၈/၅နှင့်၈၈/၆ အကြားပေ ၄၀ အကျယ် မြေသားလမ်း ချဲ့ထွင်ခြင်းလုပ်ငန်းခွင်သို့ လည်းကောင်း၊ ပွိုင့် ၁၀၂၀သို့ ရောက်ရှိပြီး ကားလမ်းကျောက်ခင်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ထူးကုမ္ပဏီ လီမိတက်၏ ဆီအုန်း စိုက်ခင်းသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တနင်္သာရီမြို့သို့ရောက်ရှိပြီး မြို့နယ်အခြေခံ ပညာအထက်တန်းကျောင်း၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမြသိန်းက မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်း လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ယင်းနောက်တိုင်းမှူးသည် အဆိုပါ အခြေခံပညာ အထက်တန်းကျောင်း ပညာရည် မြင့်မားရေး အထောက်အကူပြုစာ သင်ခန်းများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ဖွင့်လှစ်ပေးပြီး စာသင်ခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး လူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် သံဃာဆောင်ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးသည် မင်္ဂလာကန်တော်၊ မြို့နယ် မီခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးဆောက်လုပ်နေမှုနှင့် မြို့တော်ခန်းမဆောက်လုပ်မည့် မြေနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ထူးခြားသည့်ညအပူချိန်များ ၁-၁-၂၀၀၅

ဟားခါးမြို့	၁ ဒီဂရီစင်တီဂရိတ်
နမ့်ဆန်နှင့်ဟဲဟိုး	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၃ ဒီဂရီစင်တီဂရိတ်

ဒဂုံအထက(၁) ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ **(အပေါ်ပုံ)** က ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ သတ္တမအဆင့်နှင့် အဋ္ဌမအဆင့်ရ ကျောင်းသူများအားလည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်သက်ဌေးက သင်္ချာအိုလံပစ်ပြိုင်ပွဲတွင် ဆုရရှိသူနှစ်ဦးတို့အားလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဇနီးဒေါ်တင်တင်ညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၏ဇနီးဒေါ်သဇင်နွယ်နှင့်တာဝန်ရှိသူများကခြောက်ဘာသာဂုဏ်ထူးရှင်၂၃ဦးနှင့်ဂုဏ်ထူးရရှိသူများ၊အတန်းလိုက်ဆုရရှိသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ (သတင်းစဉ်)

နိုင်ငံအကျိုး၊ ဒေသအကျိုး၊ တိုင်းရင်းသားမိဘပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်မည့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အစည်းအဝေးကြီး၌ ချမှတ်ခဲ့

✧ ရှေ့ဖုံးမှ

ဦးတည်ချက်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးကိုရှေးရှု၍ အသင်းအဆင့်ဆင့်က ကိုယ်စားလှယ်များသည် မိမိတို့အသင်း၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို စုံညီအစည်းအဝေးများနှင့် ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများ၌ အလေးထား ဆွေးနွေးခဲ့ကြပြီး နိုင်ငံအကျိုး၊ ဒေသအကျိုး၊ တိုင်းရင်းသား မိဘပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်မည့် ဦးတည်ချက်များနှင့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် သဘာပတိမကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေ့လုပ်ငန်းစဉ်များကို အစည်းအဝေးကြီး၌ ချမှတ်ခဲ့ကြောင်း။

လက်တွေ့လုပ်ငန်းစဉ်

ဤအစည်းအဝေးကြီးက ချမှတ်ပေးခဲ့သည့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များမှာ နိုင်ငံတော်ကြီးကို ကာကွယ် တည်ဆောက်ရေးဆိုင်ရာ ခံယူချက်များ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ထမ်းဆောင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ မိမိအသင်းကိုအရည်အချင်းမြင့်မားအောင် တည်ဆောက်ရေးဆိုင်ရာ ချမှတ်ချက်များ ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းစဉ်များကို အသင်းဝင်များသာမက မကွေးတိုင်းအတွင်းရှိ ရည်မှန်းချက်တူညီသည့် မိတ်ဖက်လူမှုရေး အသင်းအဖွဲ့များ၊ ပြည်သူတို့၏ကိုယ်စား မြို့မိမြို့ဖများနှင့် မျိုးဆက်သစ်လူငယ်များအားလုံး သိရှိပြီး ညှိနှိုင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

ယနေ့ကာလသည် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေချိန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအပါအဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးသည် တစ်မျိုးသားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှ ရည်မှန်းချက်ပန်းတိုင်ကို မြန်ဆန်ချောမွေ့စွာ ရောက်ရှိမည်ဖြစ်ကြောင်း၊ အမျိုးသားရေးတာဝန်အသိစိတ်ဓာတ်သည် နိုင်ငံသားတိုင်း၌ ကိန်းအောင်းရမည့် မွန်မြတ်သောစိတ်ဓာတ် ဖြစ်သည့်အပြင် နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံဂုဏ်နှင့် လူမျိုးဂုဏ်ကို မြှင့်တင်နိုင်စွမ်းရှိကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ် အောင်မြင်အောင် စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေး အဆိုကို မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်သူဦးက ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (၂၀၀၄)၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်အောင် စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေး အဆိုကို မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဆွေက ဆွေးနွေးတင်ပြသည်။

ယင်းနောက် မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ဦးဟန်မောင်က မကွေးတိုင်းအတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စား ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်က ထောက်ခံ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပခုက္ကူခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကိုယ်စား ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောဝင်းက ထောက်ခံဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မကွေးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကိုယ်စား ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဒေါ်သီတာလှိုင်က ထောက်ခံဆွေးနွေးတင်ပြသည်။

ယင်းနောက် မင်းဘူးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကိုယ်စား ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်နိုင်က ထောက်ခံဆွေးနွေးတင်ပြသည်။

ဆက်လက်၍ သရက်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကိုယ်စား ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ယဉ်ယဉ်လှက ထောက်ခံဆွေးနွေးတင်ပြသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ယင်းနောက် အခမ်းအနားအစီအစဉ်အရ ထူးချွန်လူငယ်များအား ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်တင်တင်ထွေး၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ကြူကြူခိုင်၊ မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဦးစိုးတင့်တို့က ဂုဏ်ပြုဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

အကောင်အထည်ဖော်

ထို့နောက် သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မကွေးတိုင်းအတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အနေဖြင့် ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ကြေညာပြီး ဆုံးဖြတ်အတည်ပြုကြသည်။

ယင်းနောက် အစည်းအဝေးကို ကြွေးကြော်သံများဖြင့် နံနက်၁၀နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဟန်မောင်က မကွေးတိုင်းအတွင်းဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)



မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဆွေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၌ ချမှတ်ခဲ့သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဆွေးနွေးတင်ပြ

မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်သူဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ကို ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

သရက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ယဉ်ယဉ်လှက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

မင်းဘူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်နိုင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

မကွေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီတာလှိုင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။ဆွေးနွေးစဉ်။(သတင်းစဉ်)

ပခုက္ကူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောဝင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဒီဇင်ဘာ၂၉ရက် ညနေ ၅နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (IBC)၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်လွင်က ဆောင်ရွက်ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက်(၁၁)ကြိမ်မြောက်နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးသို့ တင်သွင်းသော အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးဦးအေးလွင်က ဖတ်ကြားတင်ပြပြီး တက်ရောက်လာကြသော အသင်းသားများ၏ သဘောတူညီချက်ကို ရယူကာ သဘာပတိက အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် အသစ်ရွေးချယ်တင်မြှောက်ခြင်း ခံရသော မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌအဖြစ် ဦးအောင်လွင်နှင့် အထွေထွေ အတွင်းရေးမှူး ဦးအေးလွင်တို့ပါဝင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ၂၄ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကျင်းပနိုင်ရေးအတွက် ငွေကျပ် ၁၀၁သိန်း ထည့်ဝင်လှူဒါန်းကြသည့် အလှူရှင် ၄၂ဦးတို့၏ အမည်စာရင်းကို အခမ်းအနားမှူးက ဖတ်ကြားကြေညာသည်။

ယင်းနောက်သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အသင်းသား စုံညီအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တံခါးကို အခိုကောင်း၍ ငါးနှစ်သားကလေး ဆူနာမီလှိုင်းဒဏ်မှ လွတ်မြောက်လာ

ဆစ်ဒနီ ဇန်နဝါရီ ၁

ဂျီလီယန်ဆီယာလီတို့ မိသားစုမှာ အရှေ့တောင်အာရှ ကမ်းခြေ တစ်နေရာတွင် အပန်းဖြေနေစဉ် ငလျင် ဆူနာမီ ရေလှိုင်းကြီးများ၏ဒဏ်ကို အများနည်းတူ ခံလိုက်ရသည်။ ဒုက္ခတွေ့ရချိန်တွင် သူမသည် ရင်သွေးနှစ်ဦး၏ အသက်များကို ကယ်ဆယ်ရာ၌ မည်သူကို အဆုံးရှုံးခံလိုက်မည်ဆိုသော အဆုံးအဖြတ်ပေးရမည့် အခြေအနေ အကျဉ်းအကျပ်နှင့် ကြုံခဲ့ရသည်။

တောင်ကြီးတမျှ ကြီးမားသော ဧရာမရေလှိုင်းကြီးများက သူမနှင့် သားနှစ်ယောက်ကို ဖုံးလွှမ်းသွားသော အခါ ဆီယာလီမှာ ကလေးနှစ်ဦးကို တစ်ပြိုင်တည်း ကယ်တင်ရန် မဖြစ်နိုင်တော့ကြောင်း သိလိုက်သည်။

ရေလုံးကြီးနှင့်အတူ အဆောက်အအုံ ပစ္စည်းအကျိုးအပဲ့ အပိုင်းအစမျိုးစုံ၊ သစ်ပင် သစ်ကိုင်းများစုပြုံ မျောပါလာသည်။ မိခင် ဆီယာလီမှာ ကလေးနှစ်ယောက်စလုံးကို ကယ်ထားပြီး ရေပေါ်တွင်ပေါ်နေအောင် ကြိုးစားရသည်မှာ မလွယ်ကူလှပေ။ သားတစ်ဦးဦးကို ကယ်မထားဘဲ ရေလှိုင်းနှင့်အတူ လွှတ်လိုက်ရမည့် အခြေအနေဖြစ်လာသည်။

အထက်ပါ အခြေအနေတွင် မိခင် ဆီယာလီမှာ မလွဲသာသဖြင့် သားအကြီးကို လက်လွှတ်လိုက်ရကြောင်း သူမက စကိုင်းရုပ်မြင်သံကြားဌာနအား ပြန်၍ ပြောပြခဲ့သည်။ ၎င်းတို့ မိသားစုသည် သြစတြေးလျနိုင်ငံ အနောက်ဘက် ပါ့သ်မြို့တွင် နေထိုင်ကြသူများ ဖြစ်သည်။

ဆူနာမီ ဒီလှိုင်းများတက်လာချိန်တွင် ဆီယာလီနှင့် သားနှစ်ဦးမှာ ထိုင်းနိုင်ငံ ဖူးခက်အပန်းဖြေကမ်းခြေ စခန်းရှိ ဟိုတယ်တစ်ခု၏ ရေကူးကန်နဘေးတွင် ရောက်ရှိနေကြသည်။ သားအကြီးလာချီမှာ ငါးနှစ်ရှိပြီဖြစ်ပြီး သားအငယ်မှာ အသက်နှစ်နှစ်ရှိပြီ ဖြစ်သည်။

ရေလှိုင်းနှင့်အတူမျောပါခဲ့စဉ်က သူမမှာကလေးနှစ်ဦးကို ဆွဲထားလျက်နှင့် ရေပေါ်တွင် ဖော့နေခဲ့သည်။ သို့ရာတွင် တဖြည်းဖြည်း နှစ်မြုပ်လာသဖြင့် တစ်ယောက်ကိုဆက်၍ ကယ်မထားနိုင်တော့ဘဲလွှတ်လိုက်ရကြောင်း ပြောပြရှာသည်။

နောက်ပိုင်းလှိုင်းများ ငြိမ်သက်သွားသောအခါ သားကြီးမှာ အသက်ဆုံးရာပြီဟု ထင်မှတ်ခဲ့ကြသည်။ သို့ရာတွင် သားကြီး၏အမည်ကို တကြော်ကြော် အော်ခေါ်နေမိပါသည်ဟု သူမက အတွေ့အကြုံများကို ပြန်ပြောင်းပြောကြားသည်။

သားကြီးလာချီမှာ ကံကောင်းရာသည်။ သေကံမရောက်၍ အသက်မပျောက်ခဲ့ပေ။ ငါးနှစ်သားကလေးငယ်ကို တံခါးတစ်ခုတွင် တွယ်ကပ်နေလျက်သား အသက်နှင့်ကိုယ်အိုးစား မကွဲဘဲ တွေ့လိုက်ကြရကြောင်း ဆီယာလီက သတင်းထောက်များကို ပြောပြသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာသတင်းများ

သယ်ဆောင်လာ

ဘဂ္ဂဒက်မြို့တွင် ဒီဇင်ဘာ ၂၇ ရက်က တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသွားသူတစ်ဦးကို ဆေးရုံသို့ သယ်ဆောင်လာသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယူကရိန်းတပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမှ ၂၀၀၅ တွင် ရုပ်သိမ်းမည်

ကီယက် ဒီဇင်ဘာ ၃၀

ယူကရိန်းနိုင်ငံက အီရတ်နိုင်ငံရှိ ၎င်း၏တပ်ဖွဲ့ဝင် ၁၄၀၀ တို့ကို လာမည့် နှစ်ကုန်ပိုင်းဝန်းကျင်တွင် ပြန်လည် ရုပ်သိမ်းမည်ဖြစ်ကြောင်း ကာကွယ်ရေး ဝန်ကြီး အိုလက်ဆန်ဒါ ကုဇ်ယွတ်က ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

လာမည့်ဧပြီလတွင် မိမိတို့တပ်ဖွဲ့ဝင် တပ်ရင်းတစ်ရင်းကို အီရတ်နိုင်ငံသို့ အင်အားဖြည့် တပ်ဖွဲ့ဝင်များအဖြစ် ပို့ဆောင်ပေးမည်ဖြစ်ပြီး ၂၀၀၅ ခုနှစ် နောက်ဆုံးထား၍ မိမိတို့တပ်ဖွဲ့ဝင်များကို အပြီးသတ် ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း သတင်းဌာနက ကုဇ်ယွတ်၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြထားသည်။

နောက်ထပ်ပေးပို့မည့် တပ်ရင်းတွင် တပ်ဖွဲ့ဝင် ၅၀၀ ခန့် ပါဝင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံသို့ ကနဦးပို့ထားသည့် ယူကရိန်း တပ်ဖွဲ့ဝင်ဦးရေသည် ၁၆၀၀ ခန့်ရှိသည်။

ယူကရိန်းတပ်ဖွဲ့ဝင် ကိုးဦး အီရတ်နိုင်ငံတွင် သေဆုံးခဲ့ပြီး တပ်ဖွဲ့ဝင် ၃၀ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် အမေရိကန်သင်္ဘောသားတစ်ဦး သေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၃၁

ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသ အန်ဘာပြည်နယ်ရှိ အမေရိကန် မရိန်းတပ်ဖွဲ့တွင် အလုပ်လုပ်ကိုင်နေသည့် အမေရိကန် သင်္ဘောသားတစ်ဦးသည် တိုက်ခိုက်မှုမဟုတ်သော ဖြစ်ရပ်တစ်ခုကြောင့် သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါ အမေရိကန်သင်္ဘောသားသည် အမှတ်(၁) ပြည်ပမရိန်းတပ်ဖွဲ့မှဖြစ်ပြီး အယ်လ်အန်ဘာပြည်နယ်တွင် လုံခြုံရေးနှင့်တည်ငြိမ်ရေး ကင်းလှည့်လုပ်ငန်းဆောင်ရွက်နေစဉ် တိုက်ခိုက်မှုမဟုတ်သည့် ဖြစ်ရပ်တစ်ခုကြောင့် ဒီဇင်ဘာ ၂၈ ရက်က သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကြေညာ

သေဆုံးသွားသည့် အမေရိကန် သင်္ဘောသား၏ကိစ္စကို ဆွေမျိုးသားချင်းများထံ အကြောင်းကြားရန် ရှိနေ၍ အမည်ထုတ်ဖော်ကြေညာခြင်း မရှိသေးပေ။

ပျက်ပြား

အန်ဘာပြည်နယ်တွင် ဖလူးဂျာ၊ ရာမာဒီမြို့တို့ ပါဝင်ပြီး အမေရိကန်နှင့် ပြောက်ကျားများအတွင်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေမှုကြောင့် ထူထောင်ရေးလုပ်ငန်းများ ပျက်ပြားလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရှေးဟောင်းသမိုင်းဝင်နေရာ ၁၇ ခု အီရတ်နိုင်ငံတွင် တွေ့ရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၉

အီရတ်နိုင်ငံမှ ရှေးဟောင်းသုတေသနပညာရှင်များက ရှေးဟောင်းဆူမာရီယန် ယဉ်ကျေးမှုပြန့်ပွားခဲ့သည့် ခေတ်ကရှိခဲ့ပြီး ယခုအခါပျက်စီးနေသော နေရာ ၁၇ နေရာကို နာဆာရီယာမြို့တွင် တွေ့ရှိခဲ့ကြောင်း ဘဂ္ဂဒက် သတင်းစာတစ်စောင်က တနင်္လာနေ့က ရေးသားလိုက်သည်။

အဆိုပါ ရှေးဟောင်းနေရာများကို နာဆာရီယာနှင့် အူမာရာမြို့များကြားရှိ ဒါဝါယာနှင့် မေမိုနာဒေသများ အတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အီရတ် ရှေးဟောင်းသုတေသနဌာန သတင်းရပ်ကွက်က ပြောကြားသည်။

နာဆာရီယာမြို့ဆုအယ်လ်ရှိုင်းယွတ် ဒေသတွင် နောက်ပိုင်း ရှာဖွေတွေ့ရှိခဲ့သည့် ပျက်စီးနေသောနေရာ ၄၄ နေရာ အတွင်းမှ ဖော်ပြပါ ၁၇ နေရာကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ရှာဖွေတွေ့ရှိထားသည့် ရှေးဟောင်းနေရာ ၈၀ ခန့်ရှိပြီဖြစ်ကြောင်း ဖော်ပြပါ သတင်းရပ်ကွက်က ပြောကြားသည်။

ပေးပို့

ရှေးဟောင်း အပျက်အစီးနှင့် ယဉ်ကျေးမှုဆိုင်ရာ အီရတ်ဌာန လက်အောက်ရှိ အီရတ်ပြတိုက်ရှိ အစ္စလမ္မစ် မတိုင်မီကာလက ပြုလုပ်ခဲ့သည့် ရှေးဟောင်းအိုးကြီးတစ်လုံး လက်ခံရရှိထားသည်။ အဆိုပါ အိုးကို နာဂျက်ဖ်မြို့တွင် ရောင်းချရန်ရည်ရွယ်ထားသည့်အီရတ်တစ်ဦးလက်မှ အခြား အီရတ်နိုင်ငံသားတစ်ဦးက ဝယ်ယူခဲ့ပြီးနောက် အီရတ်ပြတိုက်သို့ ပြန်လည် ပေးပို့ခဲ့ခြင်းဖြစ်သည်။

ဆက်ဒမ်ဟူစိန်အား သမ္မတရာထူးမှ ဖယ်ရှားပြီးသည့်နောက် အီရတ်ရှိ ရှေးဟောင်းသုတေသန အဆောက်အအုံများနှင့် နေရာများကို မသမာသူများနှင့် သူခိုးများက လုယူ၊ ခိုးဝှက်ခဲ့ကြသည်။

မသမာသူများက ရှေးဟောင်းပစ္စည်း အများစုကို အီရတ်နိုင်ငံ ပြင်ပသို့ ခိုးထုတ်ခဲ့ကြသည်။

ပျောက်ဆုံး

မက်ဆိုပိုတေးမီးယားဒေသရှိ တစ်ချိန်က ထွန်းကားခဲ့သည့် ကာလအသီးသီး၏ ယဉ်ကျေးမှုများကို ကိုယ်စားပြုထားသော အဖိုးအနဂ္ဃထိုက်တန်သည့် ရှေးဟောင်းပစ္စည်းများ ထောင်ချီ၍ အီရတ်နိုင်ငံတွင် ပျောက်ဆုံးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆီအုန်းလုပ်ငန်း ခေတ်မီရေး နိုင်ဂျီးရီးယားဆောင်ရွက်မည်

လေဂို့စ် ဒီဇင်ဘာ ၂၈

နိုင်ဂျီးရီးယားနိုင်ငံသည် နိုင်ငံတောင်ပိုင်းရှိ ဘာယယ်ဆာဆီအုန်းကုမ္ပဏီကို အဆင့်မြှင့်ရန်အတွက် နိုင်ငံခြားအရင်းအနှီး ရှာဖွေရေး အစီအစဉ်ကို ထုတ်ပြန်ခဲ့ကြောင်း နိုင်ဂျီးရီးယားသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။ ပြည်နယ်အစိုးရသည် ဆီအုန်းလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ကြောင်း ဘာယယ်ဆာပြည်နယ် စိုက်ပျိုးရေးနှင့်သဘာဝအရင်းအမြစ်များဌာန ညွှန်ကြားရေးမှူး ဒန်ဒီဆန်စပစ်က ပြောကြားသည်။

ဆီအုန်းလုပ်ငန်းတွင် စိတ်ဝင်စားသည့် မလေးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ထားကြောင်း သိရသည်။ ဘာယယ်ဆာပြည်နယ်ရှိ ဆီအုန်းလုပ်ငန်းကို လုပ်ငန်းတိုးချဲ့ရေး အစီအစဉ် အောင်မြင်စေရေးအတွက် ပြန်လည် ထူထောင်လျက်ရှိသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ။

မီးလောင်ပေါက်ကွဲ

ဘဂ္ဂဒက်မြို့ရှိ လစ်ဗျားသံရုံးဝင်း အတွင်း မီးလောင်ပေါက်ကွဲပြီးနောက် လွင့်စဉ်သွားသော လောင်စာတင် ဘောက်ဆာယာဉ် အစိတ်အပိုင်းတစ်ခုကို ဒီဇင်ဘာ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေနတ်ဒဏ်ရာဖြင့် အီရတ်တွင်သေဆုံး

လန်ဒန် ဒီဇင်ဘာ ၃၀

သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး၏ အလောင်းကို အီရတ်နိုင်ငံတွင် တွေ့ရှိထားကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာနက အင်္ဂါနေ့က ပြောကြားပြီး ၎င်းသေဆုံးမှုသည် တိုက်ခိုက်မှုကြောင့် မဟုတ်ကြောင်းလည်း သိရသည်။

အတည်ပြုထား

၎င်းဗြိတိသျှတပ်ဖွဲ့ဝင်သည် တပ်ကြပ်ကြီး ပေါလ်ကွန်နိုလီဖြစ်ပြီး သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည့် အလောင်းကို ရှိုင်းဘာဝစ်အခြေစိုက်စခန်းတွင် ဒီဇင်ဘာ ၂၆ ရက်က တွေ့ရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီး ဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို တာဝန်ရှိပုဂ္ဂိုလ် တစ်ဦးက အတည်ပြုထားသည်။

ဖော်ပြပါရှိ

တော်ဝင်စစ်ဘက်ဆိုင်ရာ ရဲတပ်ဖွဲ့က ၎င်းသေဆုံးမှုအတွက် စုံစမ်းစစ်ဆေးနေကြောင်း၊ သို့ရာတွင် ကနဦး စုံစမ်းစစ်ဆေးမှုများအရ သင်္ကာမကင်းဖြစ်ဖွယ်ရာ အခြေအနေများ တွေ့ရှိခြင်းမရှိကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

သေဆုံး

အီရတ်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင် ၂၉ ဦး တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ပြီး အခြား ဖြစ်ရပ်များတွင် နောက်ထပ် တပ်ဖွဲ့ဝင် ၄၃ ဦး သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံတွင် အဝေးပြေးလမ်းများ ပိုမိုတည်ဆောက် ကျေးလက်ဒေသများ၌ အဝေးပြေးလမ်းများ ဖောက်လုပ်ပေးခဲ့

ပေကျင်း ဒီဇင်ဘာ ၃၀

တရုတ်နိုင်ငံသည် ကျေးလက်ဒေသတွင် အဝေးပြေးလမ်းများ ပိုမိုတည်ဆောက်နိုင်ရန် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ကာလအတွင်း ယွမ်ငွေ ၁၀၀ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၂ဘီလီယံ)ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီး ကျောင်ချွန်ကျုန်က တနင်္ဂနွေနေ့တွင်ပြောကြားသည်။

တရုတ်ပြည်ရှိ ကျေးရွာအားလုံးကို ၂၀၁၀ပြည့်နှစ်ကုန်ထက် နောက်မကျဘဲ အဝေးပြေးလမ်းများဖြင့် ဆက်သွယ်နိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နှစ်ပတ်လည် အမျိုးသားဆက်သွယ်ရေး ညီလာခံတွင်၎င်းကပြောကြားသည်။

ဖော်ပြ

၂၀၀၄ခုနှစ်တွင် တရုတ်နိုင်ငံတွင်းရှိ မြို့ငယ်ပေါင်း ၁၂၃ မြို့နှင့် ကျေးရွာပေါင်း ၁၁၂၀တို့တွင် အဝေးပြေးလမ်းများ တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ အဝေးပြေးလမ်း စုစုပေါင်းအရှည် ကီလိုမီတာ ၂၅၀,၀၀၀ ခန့်ကို အမြန်လမ်းမကြီးများအဖြစ်သို့ အဆင့်မြှင့်တင်နိုင်ပြီး ကတ္တရာလမ်းနှင့် အင်္ဂတေလမ်း ကီလိုမီတာ ၁၃၀,၀၀၀ကို အသစ် တည်ဆောက်နိုင်ကြောင်း သယ်ယူပို့ဆောင်ရေးဌာန၏ စာရင်းအင်းကိန်းဂဏန်းများတွင်ဖော်ပြထားသည်။

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုနှင့်အတူ ဘတ်စ်ကားစီးရေ ၈၅၀၀ကို မြို့ငယ်ပေါင်း ၂၈၆ မြို့နှင့် ကျေးရွာပေါင်း ၂၈၄၂၄ရွာတို့မှ လယ်သမားများ အသုံးပြုလာနိုင်ကြောင်း သယ်ယူပို့ဆောင်ရေးဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။

တည်ဆောက်

တရုတ်နိုင်ငံသည် ၂၀၀၃ခုနှစ်နှင့် ၂၀၀၄ခုနှစ်တွင် ကျေးလက်ဒေသများ၌ အဝေးပြေးလမ်း ကီလိုမီတာ ၃၅၂,၀၀၀ တည်ဆောက်ပေးခဲ့ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းနိုင်ငံတွင် ကျင်းပသည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တားဆီးရေးနေ့ အခမ်းအနား၌ ကျောင်းသူ၊ ကျောင်းသားလူငယ်များ ပါဝင်ဆင်နွှဲနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပေကျင်း နိုင်ငံတကာလေဆိပ် တိုးချဲ့ရေးစီမံကိန်းဆောင်ရွက်

ပေကျင်း ဒီဇင်ဘာ ၃၀

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ နိုင်ငံတကာလေဆိပ်ကို တိုးချဲ့သည့် လုပ်ငန်းစီမံကိန်းမှာ အပြည့်အဝ အကောင်အထည်ဖော်သည့် အဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ယခုအချိန်ထိ အဆိုပါ စီမံကိန်းအတွက် ယွမ် ၅ ဒသမ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာသန်း ၆၉၀ ခန့်) သုံးစွဲပြီးဖြစ်ကြောင်း မြို့ပြဆောက်လုပ်ရေး တာဝန်ရှိသူက အင်္ဂါနေ့တွင် ပြောကြားသည်။

ပြင်ဆင်

၂၀၀၈ ခုနှစ်တွင် ကျင်းပရန် စီစဉ်ထားသော ပေကျင်းအိုလံပစ်အားကစားပွဲတော်အတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ နိုင်ငံတကာလေဆိပ်ကို တိုးချဲ့ဆောက်လုပ်ရန် စီစဉ်ခြင်းဖြစ်သည်။ ပေကျင်း နိုင်ငံတကာ လေဆိပ်တိုးချဲ့ရေး စီမံကိန်းကို ၂၀၀၄ ခုနှစ် မတ်လမှစ၍ အကောင်အထည်ဖော်လျက်ရှိသည်။

ဝန်ဆောင်ပေးမည်

ယင်းစီမံကိန်းသည် နိုင်ငံတော်ကောင်စီ၏ စီမံကိန်းများအနက် အဓိကကျသော စီမံကိန်းတစ်ရပ်ဖြစ်သည်။ နိုင်ငံတကာ လေဆိပ်ကို တိုးချဲ့တည်ဆောက်ခြင်းဖြင့် တစ်နှစ်လျှင် ခရီးသည်သန်း ၆၀ နှင့် ကုန်စည်တန်ချိန် ၁ ဒသမ ၈ သန်းကို ဝန်ဆောင်ပေးနိုင်မည်ဖြစ်သည်။

လေဆိပ်တိုးချဲ့ရေး စီမံကိန်းအရ တတိယမြောက်ဖြစ်သော လေယာဉ်ပြေးလမ်းတစ်ခုကို တည်ဆောက်ခြင်း၊ စတုရန်းမီတာ ၄၂၀၀၀၀ ကျယ်ဝန်းသည့် ခရီးသည်များ နားနေဆောင် အသစ် ဆောက်လုပ်ခြင်း၊ ကုန်စည်အတင်အချပြုလုပ်ရာ အဆောက်အအုံ တည်ဆောက်ခြင်း၊ ဆက်စပ်အဆောက်အအုံများဆောက်လုပ်ခြင်း၊ လေယာဉ်များ ညအိပ်ရပ်နားရာ နေရာများ တည်ဆောက်ခြင်းတို့ ပါဝင်သည်။

ပြီးစီးမည်

လေဆိပ်တိုးချဲ့ရေး စီမံကိန်းအတွက် ယွမ်ငွေ ၁၉ ဘီလီယံ (အမေရိကန် ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံခန့်)သုံးစွဲရန် လျာထားပြီး ၂၀၀၈ ခုနှစ် မတိုင်မီတွင် စီမံကိန်းလုပ်ငန်းများ ပြီးစီးမည်ဖြစ်သည်။

ပေကျင်းနိုင်ငံတကာလေဆိပ်တွင် လက်တလောကာလအားဖြင့် လေယာဉ်ပြေး လမ်းနှစ်ခုနှင့် တစ်နှစ်လျှင် ခရီးသည် ၃၅ သန်းအတွက် ဝန်ဆောင်မှုပေးနိုင်သော ခရီးသည်များ နားနေဆောင်နှစ်ခုရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံတွင် ပညာရေးရုပ်မြင်သံကြား သတင်းအစီအစဉ် ကလေးသူငယ်များကိုယ်တိုင် ရိုက်ကူးထုတ်လုပ်ရန် ဖိတ်ခေါ်ထား

ပေကျင်း ဒီဇင်ဘာ ၃၀

တရုတ်နိုင်ငံတွင် မူလတန်းနှင့် အလယ်တန်းကျောင်းများမှ ကလေးသူငယ်များသည် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ပညာရေးရုပ်မြင်သံကြားဌာန၌ သတင်းအစီအစဉ် တစ်ရပ်ကို ရိုက်ကူး ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ သတင်းအစီအစဉ်သည် ကလေး သူငယ်များအနေဖြင့် ကမ္ဘာလောကကြီးကို ၎င်းတို့၏ ကိုယ်ပိုင်အတွေးအမြင်များဖြင့် ရှုမြင်နိုင်စေရန် ရည်ရွယ်ကြောင်း၊ ကလေးများသည် ၎င်းတို့၏ အမြင်များကို ၎င်းတို့၏ တင်ပြပုံဖြင့် ထုတ်ဖော်ပြသနိုင်မည်ဖြစ်ကြောင်း ပညာရေး ရုပ်မြင်သံကြားဌာန ညွှန်ကြားရေးမှူး ကန်နင်းက ပြောကြားသည်။

ကလေးများ ရိုက်ကူးထုတ်လုပ်သော ရုပ်မြင်သံကြားသတင်း အစီအစဉ်ကို နေ့စဉ်ညနေ ၆ နာရီ မိနစ် ၂၀ တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်နေသော သတင်းများနှင့် ပတ်သက်၍ ကလေးများအချင်းချင်း အပြန်အလှန် ဆွေးနွေးခြင်း၊ သတင်းဓာတ်ပုံများနှင့် သတင်းဖြစ်စဉ်များကို ဖော်ပြခြင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် ထုတ်ဝေသော သတင်းစာများမှ ကောက်နုတ်သည့် သတင်းမှတ်စုများကို ထုတ်လွှင့်ခြင်းစသည်တို့ ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရုပ်မြင်သံကြား သတင်းအစီအစဉ် ရိုက်ကူးထုတ်လုပ်နိုင်ရန် နိုင်ငံတစ်ဝန်းရှိ ကလေးသူငယ် ၁၀၀၀၀ ခန့်ကို ဖိတ်ခေါ်မည်ဖြစ်ကြောင်း ကန်နင်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လာအိုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက် ၂၀၀၄ခုနှစ်တွင် ဒေါ်လာ ၅၂၄သန်း ဖိုးရှိ

ဟန္ဒိုင်း ဒီဇင်ဘာ ၃၀

လာအိုနိုင်ငံသည် ယခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၁၆၀ ကို ဆွဲဆောင်နိုင်ခဲ့ကြောင်း၊ ထိုစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၂၄ သန်းကို နိုင်ငံခြားကုမ္ပဏီများက ပြုလုပ်ခြင်းဖြစ်ကြောင်း လာအိုနိုင်ငံ မြို့တော်ဗီယန်ကျင်းမှရရှိသော ဒီဇင်ဘာ ၂၈ ရက် သတင်းများတွင်ဖော်ပြသည်။

၂၀၀၄ ခုနှစ် ရင်းနှီးမြှုပ်နှံမှုသည် ယမန်နှစ်ကထက် ၁၂ ဒသမ ၄၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရှိရသည်။

ရင်းနှီးလုပ်ကိုင်မည်

ထိုစီမံကိန်းများတွင် သတ္တုတူးဖော်ရေးလုပ်ငန်းပေါင်း ၂၄ ခုပါဝင်ပြီး အမေရိကန်ဒေါ်လာ ၃၁၂ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်း ၁၈ ခုတွင် အမေရိကန်ဒေါ်လာ ၇၆ သန်း မြှုပ်နှံမည်ဖြစ်ပြီး စက်မှုနှင့် အနုပညာလက်မှုလုပ်ငန်းများ ၃၇ ခုတွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၃၇ သန်း အသီးသီးရင်းနှီးလုပ်ကိုင်မည်ဟုဆိုသည်။

လာအိုနိုင်ငံတွင် အဓိကရင်းနှီးမြှုပ်နှံသော နိုင်ငံများမှာ တရုတ်၊ ဗီယက်နမ်၊ ကိုရီးယား၊ အမေရိကန် နှင့် ဩစတြေးလျ စသည့်နိုင်ငံတို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်လေကြောင်း ခရီးစဉ်တိုးချဲ့မည်

ဟန္ဒိုင်း ဒီဇင်ဘာ ၂၉

ဗီယက်နမ်နိုင်ငံ လေကြောင်းလိုင်းသည် လာမည့်နှစ်တွင် ဂျပန်၊ ဂျာမနီ၊ အမေရိကန်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ရုရှားနိုင်ငံတို့သို့ ခရီးစဉ်သစ်များစတင်ရန် စီစဉ်လျက်ရှိကြောင်း ဗီယက်နမ်ရှိ ထရန်စပို့ သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

၂၀၀၅ခုနှစ် နောက်ပိုင်းတွင် သို့မဟုတ် ၂၀၀၆ ခုနှစ် အစောပိုင်းတွင် ဂျာမနီနိုင်ငံ ဖရန့်ဖွတ်နှင့် အမေရိကန်နိုင်ငံ အနောက်ပိုင်းဒေသသို့ တိုက်ရိုက်ပျံသန်းရန် မျှော်မှန်းထားသည်။ လာမည့်နှစ်တွင် မြို့တော် ဟန္ဒိုင်းနှင့် ဘွန်မာသော့အကြား ပြည်တွင်းခရီးစဉ်တစ်ခု ဖွင့်လှစ်မည်ဟုသိရသည်။

ဗီယက်နမ်လေကြောင်းလိုင်းသည် ယခုနှစ်တွင် ခရီးသည် ငါးသန်းနှင့် ကုန်စည် ၈၈၆၀၀ တန်ကို ပို့ဆောင်ပေးခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၀ ဘီလီယံရရှိခဲ့သည်။ ယခုအခါ ပါရီ၊ လော့စ်အိန်ဂျလိစ်၊ ဆစ်ဒနီ၊ ဗန်ကောက်နှင့် ကွမ်ဆူးမြို့များအပါအဝင် ၂၅ မြို့သို့ အပြည်ပြည်ဆိုင်ရာ ခရီးစဉ် အဖြစ် ပို့ဆောင်ပေးလျက်ရှိရာ လာမည့်နှစ်တွင် ခရီးသည် ၅ ဒသမ ၇ သန်း၊ ကုန်စည် ၉၄၈၀၀ တန်အထက်နှင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံရရှိရန် ရည်မှန်းထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အာဖရိကဒေသတွင် ကုလသမဂ္ဂအဖွဲ့၏အကူအညီဖြင့် ပိုလီယိုနှင့် အခြားရောဂါများ ကာကွယ်ရေးစီမံချက် အကောင်အထည်ဖော်နေသည်ကို ဒီဇင်ဘာ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြတ်ဘုရားရွှေတိဂုံ ရောင်တော်ဖွင့် ပူဇော်ခြင်း

မောင်အို့(မဟာဝိဇ္ဇာ-ဘုံဗေ)

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မိမိတို့ ကိုးကွယ်ဆည်းကပ် ပူဇော်ရာဖြစ်သော စေတီတော်များ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို သစ်လွင်တောက်ပ တင့်တယ်သပ္ပာယ်စေရန် အမြဲတစေ လုံ့လစိုက်ထုတ် ဆောင်ရွက်လေ့ရှိကြသည်။ အုတ်အင်္ဂတေဖြင့် တည်ထားသော စေတီတော်များကို နှစ်စဉ် ထုံးသင်္ကန်းကပ်လှူရန် သို့မဟုတ် ဂိုးလ်ပိန့်ရွှေဆေးသုတ်လိမ်းပူဇော်ခြင်း ပြုလေ့ရှိကြသည်။ ရွှေမျက်ပါး၊ ရွှေသင်္ကန်း ကပ်လှူထားသော စေတီတော်နှင့် ရုပ်ပွားတော်များမှာ နှစ်ကာလကြာရှည်၍ ရွှေရောင်မှေးမှိန်သွားပါက ရွှေမျက်ပါး ရွှေသင်္ကန်းအသစ် ကပ်လှူပူဇော်လေ့ရှိကြသည်။

ကြေးဆင်းတု ပဥ္စလောဟာဆင်းတုများကိုမူ အရောင်တောက်ပလာအောင် ချေးချွတ်၍ ပွတ်တိုက် အရောင်တင်ကြရသည်။ ရွှေစင်ရွှေသား၊ ရွှေပြားသင်္ကန်းကပ်လှူထားသော စေတီပုထိုးများကို ရွှေရောင်သစ်လွင် တောက်ပလာအောင် ချေးချွတ်အရောင်တင်ပေးကြရသည်။ အရောင်မှေးမှိန်နေသော စေတီ၊ ပုထိုး၊ ရုပ်ပွားဆင်းတုတော်များကို အရောင်တောက်ပလာအောင် တင့်တယ်သပ္ပာယ်လာအောင် ဆောင်ရွက်ခြင်းကို ရောင်တော်ဖွင့်သည်ဟု ခေါ်ဆိုလေ့ရှိကြသည်။

ဘုရားစေတီတိုင်းတွင် ရောင်တော်ဖွင့် အသင်းများရှိကြသည်။ အသင်းအဖွဲ့ဖြင့် ဆောင်ရွက်လေ့ရှိကြသည်။ ရွှေတိဂုံစေတီတော်ကြီးမှာ ထုထည်ပမာဏ လွန်စွာကြီးမားသောကြောင့်လည်းကောင်း၊ လုပ်ငန်းပမာဏ များပြားခြင်း၊ ခက်ခဲခြင်းကြောင့်လည်းကောင်း၊ စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ တန်ဖိုးများပြားခြင်းကြောင့် လည်းကောင်း သာမန်အသင်းအဖွဲ့တစ်ခုအနေဖြင့် ဆောင်ရွက်နိုင်စွမ်းမရှိချေ။ ဆောင်ရွက်ရန်လည်း မသင့်လျော်ချေ။ ထို့ကြောင့် ရွှေတိဂုံစေတီတော်ကြီး ရောင်တော်ဖွင့်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းစသော အထွေထွေလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအဖွဲ့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဌာနအကြီးအကဲများ၊ ပညာရှင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များ၊ အလှူရှင်များ ပါဝင်စေလျက် ဖွဲ့စည်းထားသည်ကို တွေ့ရပေသည်။ ရွှေတိဂုံစေတီတော်ကြီး တင့်တယ်သပ္ပာယ်စွာ အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေးအတွက် ဝန်ကြီးဌာနများ လက်အောက်ရှိ ပညာရှင်များနှင့် ပစ္စည်းကိရိယာများကို ရယူအသုံးပြုထားသည့်အပြင် စေတနာရှင်၊ အလှူရှင် ကုမ္ပဏီများကလည်း ပစ္စည်းကိရိယာအင်အား၊ ကျွမ်းကျင်မှုပညာရှင်အင်အား ပါဝင်ကူညီ ဆောင်ရွက်နေကြသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်နှမော်သာမုခေါ်ဆိုရပေသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၁၉၉၉ ခုနှစ်တွင် ရွှေထီးတော် တင်လှူပူဇော်ပွဲ ကျင်းပစဉ်က ရောင်တော်ဖွင့် လုပ်ငန်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပေသည်။ ယခုအခါ အချိန်ကာလအားဖြင့် ငါးနှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်၍ ရာသီဥတုဒဏ်၊ မိုးဒဏ်၊ လေဒဏ်များ တိုက်စားမှုများကြောင့်လည်းကောင်း၊ သိမ်း၊ စွန်စသော ကျေးငှက်များ၏ ထိပါးတိုက်ခိုက်မှုကြောင့်လည်းကောင်း ရွှေပြားသင်္ကန်းများမှာ အရောင်ညှိုးမှိန်လာသည်ကို တွေ့ရှိရသဖြင့် ရောင်တော်ဖွင့်ပူဇော်ရန် လိုအပ်နေပြီဟုဆိုရမည်ဖြစ်ပေသည်။ အချို့သော ရွှေပြားသင်္ကန်းများကို သိမ်း၊ စွန်စသော ကျေးငှက်တို့၏ နှုတ်သီးဖြင့် ထိုးဆိတ်မှုကြောင့် ရွှေပြားများကွာခြင်း၊ ကွဲအက်ခြင်းများ ဖြစ်ကြရသည်။ ယင်းရွှေပြားသင်္ကန်းများကို အရောင်တင်ခြင်း၊ ပြင်ဆင်ဖာထေးခြင်း၊ အသစ်လဲလှယ်ခြင်းတို့ကို ပုံမှန်အားဖြင့် ငါးနှစ်တစ်ကြိမ် ဆောင်ရွက်ခဲ့ကြရသည်။ ယင်းကဲ့သို့ လဲလှယ်နိုင်ရန်အတွက်လည်းကောင်း၊ အသစ်ကပ်လှူနိုင်ရန်အတွက်လည်းကောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ထံ၌အလှူခံရရှိထားသော ရွှေပြားသင်္ကန်းချပ်ရေ ၁၇၀၀ ကျော်ရှိပြီး ဖြစ်သည်ဟု သိရပေသည်။

တစ်ဖန် စေတီတော်ကြီး၏ ခေါင်းလောင်းပုံတော်အောက်ရှိ ပစ္စယာများကို ကြေးပြားကပ်ပြီး ယင်းကြေးပြားများပေါ်၌ ရွှေမျက်ပါးသင်္ကန်း ကပ်လှူထားခဲ့ရာ ယင်းရွှေသင်္ကန်းများသည် ရာသီဥတု တိုက်စားမှုကြောင့် ရွှေရောင်လုံးဝ မရှိသလောက်ဖြစ်လာပြီး အမည်းရောင်၊ အညိုရောင်၊ သစ်စေးရောင်၊ ကြေးညှိရောင်များ ဖုံးလွှမ်းကာ မတင့်မတယ် ကြည်ညိုဖွယ် မဆောင်နိုင်သည်ကို တွေ့မြင်နေရပေသည်။ ယင်းကြေးပြားများကို သစ်စေးများခွာချခြင်း၊ ကြေးညှိများ တိုက်ချွတ်ခြင်းပြုလုပ်၍ မူလကြေးပြား အရောင်ပေါ်လာအောင် ဆောင်ရွက်ပြီးနောက် သစ်စေးအကောင်းစား သုတ်လိမ်း၍ ရွှေမျက်ပါးသင်္ကန်းကပ်လှူရန် စီစဉ်ထားရှိပေသည်။ ရွှေမျက်ပါး ရွှေဆိုင်းပေါင်းငါးသောင်းခန့် အသုံးပြုရမည်ဟု ခန့်မှန်းထားရာ ဂေါပကအဖွဲ့ထံ၌ ရွှေဆိုင်းနှင့် ရွှေဆိုင်းဖိုးငွေများ အလုံအလောက်ရှိနေပြီးဖြစ်သည်ဟု သိရှိရပေသည်။ ယင်းကဲ့သို့ ရောင်တော်ဖွင့်ပြီးစီးပါက ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ရွှေရောင်များ ဝင်းလက်တောက်ပလျက်ရှိနေမည်ဖြစ်ပြီး၊ မိုးတိမ်ဝမှ ပေါ်ထွက်လာသည့် ရွှေတောင်ကြီးသဖွယ် ကြည်ညိုဖွယ်ရာ ဝမ်းမြောက်ဝမ်းသာ ဖူးတွေ့ကြရမည်ဖြစ်ပေသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့အား ဗုဒ္ဓဒေသနာတော်နှင့်အညီ၊ ဝိနည်းတရားတော်နှင့်အညီ ဆောင်ရွက်ကြစေရန် သက်တော်ရှည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရဆရာတော်ကြီးများ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ရဆရာတော်ကြီး ၁၁ ပါး ပါဝင်သော ဩဝါဒါစရိယ ဆရာတော်ကြီးများအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ ဂေါပကအဖွဲ့သည် ရွှေတိဂုံကုန်းတော်ပေါ်ရှိ သာသနိက အဆောက်အအုံများ ပြင်ဆင်ခြင်း၊ မွမ်းမံခြင်း၊ ရွှေ့ပြောင်းခြင်း၊ အသစ်တည်ဆောက်ခြင်း၊ တစ်စုံတစ်ခုပြုလုပ်လိုပါက ယင်းဩဝါဒါစရိယ ဆရာတော်ကြီးများ အစည်းအဝေးသို့ တင်ပြလျှောက်ထား ဩဝါဒခံယူကြရသည်။ ဩဝါဒါစရိယ ဆရာတော်ကြီးများက ချမှတ်ပေးသည့် ဩဝါဒတော်အတိုင်း ဂေါပကအဖွဲ့က တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ရသည်။ ထို့ပြင် ဂေါပကအတွက် ဂေါပကစည်းမျဉ်းနှင့် စည်းကမ်းများ စနစ်တကျ ရေးဆွဲပြဋ္ဌာန်းထားရှိပြီး ဖြစ်ပေသည်။

ဂေါပကအဖွဲ့အင်အားဖြင့် မလုံမလောက် မနိုင်မနင်းဖြစ်စရာရှိသော ကြီးမားကျယ်ပြန့် ခက်ခဲသည့် လုပ်ငန်းကြီးများကိုမူ ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးပြီး လုပ်ငန်းပြီးစီး၍ အခြေတကျ ဖြစ်သွားသောအခါ ဂေါပကအဖွဲ့အား ဆက်လက်စောင့်ရှောက်ထိန်းသိမ်းနိုင်စေရန် စနစ်တကျ လွှဲပြောင်းအပ်နှံပေးခဲ့သည်။ ယခုရောင်တော်ဖွင့်လုပ်ငန်းမှာ တပေါင်း(မတ်လ)တွင် ပြီးစီးနိုင်မည်ဟု ခန့်မှန်းထား၍ လုပ်ငန်းပြီးသောအခါ ဝါးငြမ်းများ ဖြုတ်သိမ်းပြီးနောက် ဂေါပကအဖွဲ့က ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း ထိန်းသိမ်းစောင့်ရှောက်သွားရန် ဖြစ်ပေသည်။

လုံခြုံမှုအစီအစဉ်များ

ယခုအခါ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေပြားသင်္ကန်းကပ်လှူခြင်း၊ ရောင်တော်ဖွင့်ခြင်း ပြုလုပ်နိုင်ရန် စတင်၍ ငြမ်းဆင်နေသည်ကို တွေ့မြင်နိုင်ပေသည်။ ကိုယ်လုံးတော်ရှိ ရွှေသင်္ကန်းများကို ငြမ်းဝါးများဖြင့် ထိခိုက်ပွန်းပဲ့ခြင်း လုံးဝမရှိစေရန် အတွေ့အကြုံရင့်ကျက်သော၊ ကျွမ်းကျင်သော ပညာရှင် ငြမ်းဆရာများက တာဝန်ယူဆောင်ရွက်နေကြသည်။ ဝါးလုံးပေါင်းနှစ်သောင်းခန့် အသုံးပြု၍ နှစ်ထပ်ငြမ်းဆင်ရာ၌ ခိုင်ခံ့မှုနှင့် လုံခြုံမှုကို အဓိကထား၍ ဆောင်ရွက်ကြရသည်။ ငြမ်း၏ အတွင်းဘက်မှလည်းကောင်း၊ အပြင်ဘက်မှလည်းကောင်း အတက်အဆင်းမလုပ်နိုင်စေရန် ငြမ်းပိတ်ထည့်သွင်း၍ ငြမ်းဆင်မှု ပြုကြရသည်။ ငြမ်းပိတ်ကို ခေါင်းလောင်းပုံအောက်ခြေ၌လည်းကောင်း၊ ကြာမှောက်ကြာလန်၌ လည်းကောင်း၊ ထီးတော်အောက်ခြေ၌လည်းကောင်း သုံးနေရာ၌ပြုလုပ်၍ အတက်အဆင်း အပေါက်တစ်ခုစီသာထားပြီး တံခါးတပ်ဆင်ထားမည် ဖြစ်သည်။ လုပ်ငန်းသိမ်းချိန်၌ သော့ခပ်၊ သော့ပိတ်ထားမည် ဖြစ်ပေသည်။ ငြမ်းပေါ်တက်သူများ သတ်မှတ်ထားသည့် သီးသန့်ဝတ်စုံကိုသာ ဝတ်ဆင်ကြရ၍ အတက်အဆင်းပါ စစ်ဆေးခြင်း ခံယူကြရသည်။ ထို့ပြင် (စီစီတီဗွီ) ရုပ်မြင်ကင်မရာဖြင့် ဘက်ပေါင်းစုံမှ အမြဲတမ်းစောင့်ကြည့်လျက် လှုပ်ရှားမှုအားလုံး ဗီဒီယို ရိုက်ကူးပြီး မှတ်တမ်းတင်ထားမည်ဖြစ်သည်။ လိုအပ်ပါက အချိန်မရွေး နောက်ကြောင်းပြန် စစ်ဆေးကြည့်ရှုနိုင်ပေသည်။ အလှူရှင်တို့ လှူဒါန်းထားသော ရတနာများ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း လုံးဝမရှိရအောင် နိုင်ငံတော်က ဦးဆောင်၍ ကြီးကြပ်ပေးလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပေသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ရတနာများ စုပုံတည်ရှိနေမှုကြောင့် အဖိုးအနဂ္ဃထိုက်တန်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်အနေဖြင့်လည်း တန်ဖိုးဖြတ်၍ မရစကောင်း၊ အစားထိုး၍ မရစကောင်းသည့် ရတနာအစစ်၊ ရတနာအနှစ် ဖြစ်ပေသည်။ ထို့ကြောင့် သာမန်အချိန်မှာပင် လုံခြုံရေးကို အဆင့်ဆင့် ခွဲခြားစီမံဆောင်ရွက်ထားကြောင်း သိရှိရပေသည်။ ရွှေတိဂုံစေတီတော် ရင်ပြင်တော် လုံခြုံရေး၊ အလယ်ပစ္စယာ လုံခြုံရေး၊ အောက်ပစ္စယာလုံခြုံရေး၊ ရွှေတိဂုံကုန်းတော်ကြီးတစ်ခုလုံး လုံခြုံရေးအတွက် ဘုရားရဲ၊ ပြည်သူ့ရဲစသည်ဖြင့် လုံခြုံရေးတပ်များ အဆင့်ဆင့် စောင့်ကြပ်လျက်ရှိပေသည်။ ထို့ပြင် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ကျောင်းတိုက်များမှ စာချဆရာတော်များ ဦးဆောင်၍ သံဃာတော် ၁၀ ပါးမှ ၂၅ ပါးအထိ ညအိပ်ညနေ သီတင်းသုံးပြီး အလှည့်ကျ စောင့်ရှောက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရှိရပေသည်။

ဤကဲ့သို့ လုံခြုံရေး အစီအမံ စေ့စပ်ကောင်းမွန်ခြင်းကြောင့် အလှူရှင်များ လှူထားသမျှ ဗုဒ္ဓသန္တကပစ္စည်းများ မပျက်မစီး မပျောက်မရှ အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲနေသည်ကို တွေ့ရှိသဖြင့် စေတနာ သဒ္ဓါတရား တိုးပွားထက်သန်စွာ အင်တိုက်အားတိုက် လှူဒါန်းနေကြခြင်း ဖြစ်ပေသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူပစ္စည်း တစ်စုံတစ်ခု လိုအပ်သည်ဟု အသံကြားလျှင် သူ့ထက်ငါဦး အလုအယက် လာရောက်လှူဒါန်းကြသည်။ ပြည့်လျှံသွား၍ တော်ကြပါတော့ဟု တားယူရသည်။ သိင်္ဂုတ္တရ ဥယျာဉ်တော်၌ စိုက်ပျိုးရန် သစ်ပင်ပန်းပင်များ လိုအပ်ကြောင်း ကြေညာလိုက်ရာ တစ်လအတွင်း သစ်ပင်၊ ပန်းပင်ပေါင်း ၂၅၀၀၀ ကျော်နှင့် အလှူငွေကျပ်သိန်းပေါင်း ၈၇၀ ကျော် ရရှိခဲ့သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပရိသတ်များ နေ့ရောညပါ ထောင်သောင်းချီ လာရောက်ဖူးမြော် ကြည်ညိုပူဇော်နေကြသည်ကိုကြည့်၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားဟူသော အရဟံ ဂုဏ်တော်ကို နှစ်ခြိုက်ရှင်မြူး ကြည်နူးစွာ ရွတ်ဆိုပွားများလျက် ရောင်တော်ဖွင့် ပူဇော်ခြင်းကို ကြိုဆိုလိုက်ရပေသတည်း။ ။

အာစရိယဝန္ဒနာပူဇာနှင့် ဩဝါဒခံယူပွဲ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် မဟာဗောဓိဆရာတော်အား တပည့်များစုပေါင်း၍ အာစရိယဝန္ဒနာပူဇာ မင်္ဂလာနှင့် ဩဝါဒခံယူပွဲကို ၁၃၆၆ ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ မဟာဗောဓိ ပရိယတ္တိစာသင်တိုက်၌ စာပေပညာသင်ယူ ဆည်းပူးခဲ့သော တပည့်များ ပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးသို့ အလှူငွေကျပ်ငါးသိန်း လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၈ ရက်က ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပရာ အလှူရှင်ဒေါ်မြရင် (မြသီတာဆေးတိုက် မိသားစု)အင်းလျားရိပ်သာလမ်း မရမ်းကုန်းမြို့နယ်က ဆေးရုံအုပ်ကြီးဒေါက်တာ မောင်မော်သို့ ပေးအပ်လှူဒါန်းစဉ်။ (၂၃)

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၆၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်း၌ ရပ်ကွက်အတွင်း နေထိုင်သူ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာတိုင်းဦးစီးဌာနမှူးဦးတင်အောင်၊ အရှေ့ပိုင်းခရိုင်ဦးစီးဌာနမှူး ဦးကံညွန့်၊ မြို့နယ်ဦးစီးမှူး ဦးထွန်းဦးတို့က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်သိန်းအား ပေးအပ်စဉ်။ (က-ပ)

(၃၉)ကြိမ်မြောက် ရာမညနိယာက ဝိနယာဓိက စာပြန်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၉)ကြိမ်မြောက် ရာမညနိယာက ဝိနယာဓိက စာပြန်ပွဲကြီးကို မွန်ဓမ္မာရုံ၌ သံဃာတော် အပါး၂၀၀ကျော်တို့အား ဇန်နဝါရီ ၂၁၊ ၂၂၊ ၂၃ ရက် (၁၃၆၆ခုနှစ်၊ ပြာသိုလဆန်း ၁၂၊ ၁၃၊ ၁၄ရက်)များတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

လှူဒါန်းလိုသူများ မွန်ဓမ္မာရုံ ရွှေတိဂုံဘုရားတောင်ဘက်မုခ် ရွှေတိဂုံဘုရားလမ်း ဖုန်း-၃၇၅၅၉၀ သို့ လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဇောတိက တရားတော် -သုညတဆိုက်အောင်ရှုပါ**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
  (က) The Significance of water and the hydrologic cycle (ပထမနှစ် ပထဝီဝင်အထူးပြု)
  (ခ) Rule of natural Justice (Administrative Law)
- ၄:၃၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သပွတ်အုပမာ" (အပိုင်း-၁၇)**
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
  ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  ၁၅။ မြန်မာ့ရှုခင်း
  ၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နဲ့ရန်နိုင်မောင်" အပိုင်း(၃၄)**
  ၁၈။ သင့်အတွက်မနက်ဖြန်
  ၁၉။ အပိတ်နှုတ်ဆက်စကား
  ၂၀။ ပြီးပါပြီ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသည့်စက်မှုကဏ္ဍ

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကိုဆို

တန် ၂၀၀ ပျော့ဖတ်စက်ရုံ

ဧရာဝတီတိုင်း သာပေါင်းမြို့နယ်တွင် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်းကို တွေ့ရစဉ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	တည်ထောင်ပြီးစက်မှုဇုန်များ	၁၉
၂။	နိုင်ငံပိုင်စက်ရုံများ	၇၂၃
၃။	သမဝါယမပိုင်စက်ရုံများ	၁၅၇
၄။	ပုဂ္ဂလိကစက်ရုံများ	၄၂၆၅၂
၅။	လယ်ယာကုန်ထုတ်စက်ရုံ	၁၈၉
	စုစုပေါင်းဆုစုပေါင်း	၄၃၇၄၀

နိုင်ငံတော်၏ အားပေးပံ့ပိုးမှုနှင့်အတူ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ရေနံချောင်းစက်မှုဇုန်မှ ထုတ်လုပ်သည့် သုံးဘီးနောက်တွဲယာဉ်များကို တွေ့ရစဉ်။



မကွေးတိုင်း ပခုက္ကူမြို့နယ်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းက တည်ဆောက်လျက်ရှိသော ပခုက္ကူချည်မျှင်နှင့်အထည်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမှု အခြေအနေကို ဤသို့တွေ့ရသည်။

ဤကမ္ဘာတွင် လူတို့ယဉ်ကျေးမှု ထွန်းကားလာပြီးနောက် မြို့ရွာနိုင်ငံများ တည်ထောင်လာကြသည်။ နိုင်ငံနှင့်နိုင်ငံသားတို့၏ အရေးအရာများကို စီမံခန့်ခွဲရန် အုပ်ချုပ်ရေးအဖွဲ့(အစိုးရ)များ ပုံစံအမျိုးမျိုးဖြင့် ပေါ်ထွန်းလာသည်။ နိုင်ငံများကိုလည်း ပိုင်နက် နယ်မြေ နယ်နိမိတ်များ ပိုင်းခြားသတ်မှတ်လာသည်။ ယင်းသို့ နယ်နိမိတ် (ပိုင်နက်နယ်မြေ) တိတိကျကျ သတ်မှတ်ပြီး ယင်းနယ်နိမိတ်အတွင်း နိုင်ငံသားများ နေထိုင်ကြကာ မိမိတို့လူမျိုးများဖြင့် ဖွဲ့စည်းသောအစိုးရများ ဖွဲ့စည်းဆောင်ရွက်သော နိုင်ငံများသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံများပင် ဖြစ်ကြသည်။

အရင်းရှင်စက်မှုနိုင်ငံများတွင် နည်းပညာအသစ် များ၊ ကွန်ပျူတာများ ပိုမိုအသုံးပြုကာ စက်မှုကုန်ထုတ် လုပ်မှုများ တိုးချဲ့လာရာ ကုန်ကြမ်း၊ လုပ်အား၊ စွမ်းအင်လောင်စာ၊ ကုန်ချောဈေးကွက်များ ပိုမိုလိုအပ်လာသည်။ ကိုလိုနီပုံစံဟောင်းဖြစ်သည့် ကျူးကျော်တိုက်ခိုက် သိမ်းပိုက် ကျွန်ပြု သွေးစုပ်အမြတ်ထုတ်ခြင်းကိုလည်း ကုလသမဂ္ဂနှင့် ကမ္ဘာက လက်မခံတော့သဖြင့် ကိုလိုနီ ပုံစံသစ် (မှောင်ခို ကျွန်ပြုစနစ် သို့မဟုတ် သွယ်ဝိုက် ကျွန်ပြုစနစ်)ကို ချမှတ် ကျင့်သုံးလာခဲ့ခြင်းဖြစ်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးကို ၅၁နိုင်ငံ စုပေါင်းဖွဲ့စည်းခဲ့သည်။ (ယနေ့အဖွဲ့ဝင် ၁၉၁နိုင်ငံ ရှိလာပြီဖြစ်သည်။) ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကို အဖွဲ့ဝင်နိုင်ငံတို့ လက်မှတ်ထိုးသဘောတူကြရသည်။ ယင်းပဋိညာဉ်စာချုပ်တွင် နိုင်ငံများလွတ်လပ်ခွင့်၊ နိုင်ငံအားလုံး တန်းတူခွင့်၊ ပြည်ပမှ ကျူးကျော်တိုက်ခိုက်ခြင်း၊ စွက်ဖက်ခြင်းတို့မှ ကင်းလွတ်ခွင့်၊ နိုင်ငံတိုင်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် (မိမိနိုင်ငံအတွက် အကောင်းဆုံး လမ်းစဉ်ချမှတ်ဖော်ဆောင်ခွင့်)၊ စစ်ဘေးစစ်ဒဏ် ကင်းဝေးလုံခြုံငြိမ်းချမ်းခွင့်တို့ကို ပြဋ္ဌာန်းထားသည်။ နိုင်ငံ ၁၀၀ကျော် လွတ်လပ်ရေးရလာသည်။ ကုလသမဂ္ဂကလည်း ကိုလိုနီ (ကျူးကျော် ကျွန်ပြု)စနစ်ကို ဖျက်သိမ်းသည်။ ကမ္ဘာကလည်း ကိုလိုနီစနစ်ကို လက်မခံကြတော့ချေ။

ကမ္ဘာစစ်ကြီးပြီးဆုံးသည့်နောက်ပိုင်း အရင်းရှင်စက်မှုနိုင်ငံ အချို့သည် ကိုလိုနီပုံစံမသုံးဘဲ မိမိတို့အတွက် လိုအပ်သော စက်မှုကုန်ကြမ်း၊ စွမ်းအင်လောင်စာတို့ကို ရောင်းသူဝယ်သူ စိတ်တိုင်းကျ ဈေးနှုန်း သတ်မှတ်ဝယ်ယူသုံးစွဲသည်။ လုပ်အားခ ချိုသာသော လုပ်အားများရရန် ပြည်ပမှ အလုပ်သမားများ ခေါ်ယူသုံးစွဲသည်။ ပြည်ပသို့သွားရောက်ရင်းနှီးမြှုပ်နှံ(စက်ရုံတည်)ကာ ယင်းနိုင်ငံသားများအား လုပ်အားခ(မိမိအတွက်လည်း သက်သာ၊ ထိုနိုင်ငံသား အလုပ်သမားများလည်း ကျေနပ်စေသော လုပ်ခ)ပေး၍ သုံးလာကြသည်။ မိမိစက်ရုံ ထွက်ကုန်ချောကို လူကြိုက်များလာအောင် အရည်အသွေး မြှင့်တင်ယှဉ်ပြိုင်လာကြသည်။

အရင်းရှင်စက်မှုနိုင်ငံများတွင် နည်းပညာအသစ်များ၊ ကွန်ပျူတာများပိုမိုအသုံးပြုကာ စက်မှုကုန်ထုတ်လုပ်မှုများ တိုးချဲ့လာရာ ကုန်ကြမ်း၊ လုပ်အား၊ စွမ်းအင်လောင်စာ၊ ကုန်ချောဈေးကွက်များ ပိုမိုလိုအပ်လာသည်။ ကိုလိုနီ ပုံစံဟောင်းဖြစ်သည့် ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ကျွန်ပြု သွေးစုပ်အမြတ်ထုတ်ခြင်းကိုလည်း ကုလသမဂ္ဂနှင့် ကမ္ဘာက လက်မခံတော့သဖြင့် ကိုလိုနီ ပုံစံသစ် (မှောင်ခိုကျွန်ပြုစနစ်၊ သို့မဟုတ် သွယ်ဝိုက်ကျွန်ပြုစနစ်)ကို ချမှတ်ကျင့်သုံးလာခဲ့ခြင်းဖြစ်သည်။

ကိုလိုနီစနစ်သစ် (ဝါ) ပုံစံသစ်ဆိုသည်မှာ နိုင်ငံများတွင် မိမိတို့ စိတ်တိုင်းမကျ၊ မလိုလားသော အစိုးရများ၊နိုင်ငံခေါင်းဆောင်များကို တစ်နည်းနည်းဖြင့် ဖြုတ်ချဖယ်ရှားပစ်မည်။ ထိုနိုင်ငံတွင် မိမိတို့ ညွှန်ကြားခိုင်းစေ ရလုပ်မည့် အစိုးရမျိုး၊ ခေါင်းဆောင်မျိုး တင်ပေးသည်။ ထိုရုပ်သေးအစိုးရကို ကြိုးကိုင်ပြီး ယင်းနိုင်ငံကို ခြယ်လှယ်သွေးစုပ်မည်။ ထိုနည်းသည်လည်း ယင်းနိုင်ငံသားများအနေဖြင့် သွယ်ဝိုက်စွာဖြင့် သူ့ကျွန်ဘဝရောက်ရခြင်းပင်ဖြစ်သည်။

ကိုလိုနီပုံစံသည်ဟောင်းသည်ဖြစ်စေ၊ မဟောင်းတစ်ဟောင်းဖြစ်စေ၊ သစ်သည်ဖြစ်စေ လွတ်လပ်သောနိုင်ငံများကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်တိုင် မအုပ်ချုပ်ဘဲ ရုပ်သေးအစိုးရမှတစ်ဆင့် အာဏာသိမ်းယူကာ

ကိုလိုနီ လက်သစ်ဝါဒီတို့သည် သံတမန်နည်း သုံး… (ဝါဒဖြန့်)နည်း သုံးတတ်သည်။ သံတမန်နည်းသုံး… အဖွဲ့အစည်းများ၊ မဟာမိတ်နိုင်ငံများမှတစ်ဆင့် … ထိုးနှက်တတ်သည်။ မီဒီယာများသုံးပြီး မှိုင်းတိုက်… သွေးထိုးသည်။ မမှန်ကန်သော စွပ်စွဲချက်များ ထပ်… ပုတ်ခတ်သည်။ နိုင်ငံ အများက ထိုနိုင်ငံကို အထင်လွဲ… ဒီမိုကရေစီရေး၊ မူးယစ်ဆေးဝါးပြဿနာ၊ အကြ… ဖြစ်စေသော လက်နက်များ ထုတ်လုပ်မှုစသည့် … သုံးကာ တွင်တွင်ဝါဒဖြန့် မှိုင်းတိုက်သည်။

ကိုလိုနီလက်သစ်တို့၏ ပရိယာယ် သ…

အပြစ်ရှာ စွပ်စွဲကာ ကိုလိုနီပုံစံဟောင်းဖြင့် ကျူးကျော်စစ် ဆင်နွှဲခဲ့သည့် ကိုလိုနီလက်သစ်တို့၏လက်ချက်ကြောင့် ပျက်စီးခဲ့ရသော အီရတ်နိုင်ငံ မြင်ကွင်းကို တွေ့ရစဉ်။

ယင်းနိုင်ငံသားများကို ကျွန်ပြုခြယ်လှယ်ခြင်းပင်ဖြစ်၍ ယင်းနိုင်ငံများ၌ လွတ်လပ်ရေးတည်းဟူသော အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးရာ၌မှု တူညီပေသည်။

ကိုလိုနီနယ်ချဲ့တို့သည် နိုင်ငံရေး သဘောကွဲလွဲမှုကို စစ်ရေးအရမဖြေရှင်းဘဲ နိုင်ငံရေးစားပွဲတွင်သာ ဖြေရှင်းရမည်ဟူသော ကမ္ဘာ့ကုလသမဂ္ဂ အခြေခံမူကြီးကိုလည်း မလိုက်နာကြပေ။

ကိုလိုနီ လက်သစ်ဝါဒီတို့သည် သံတမန်နည်း သုံးတတ်သည်။ မီဒီယာ(ဝါဒဖြန့်)နည်း သုံးတတ်သည်။ သံတမန်နည်းသုံးကာ နိုင်ငံတကာ အဖွဲ့အစည်းများ၊ မဟာမိတ်နိုင်ငံများမှ တစ်ဆင့်ပစ်မှတ်နိုင်ငံများကို ထိုးနှက်တတ်သည်။ မီဒီယာများသုံးပြီး မှိုင်းတိုက်သည်။ သပ်လျှိုသည်။ သွေးထိုးသည်။ မမှန်ကန်သော စွပ်စွဲချက်များ ထပ်ခါတလဲလဲ ရေးသားပုတ်ခတ်သည်။ နိုင်ငံအများက ထိုနိုင်ငံကို အထင်လွဲစေရန် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊

မူးယစ်ဆေးဝါးပြဿ…
ဖြစ်စေသော လက်…
အများကြိုက်စကား…
မှိုင်းတိုက်သည်။

ကမ္ဘာ့ကုလသ…
ကိုယ်စားပြု ကမ္ဘာ…
သွေးဖည်ပြီးနိုင်ငံတ…
၏ ကန့်ကွက်နေ…
ဖျက်ရေး၊လူအများ…
ရှာဖွေဖျက်ဆီးရေး…
ကိုလိုနီပုံစံဟောင်း…
ဖြင့် ရုပ်သေးအစိုး…
ခြယ်လှယ်ရန် ကြံ…
ပြည်သူများ၏ ဆ…
သော ပိုစတာများ…
ပေါ်ကြွယ် ဝလှသော…
တိုက်ခိုက် ကျူး…
ပေးသည်။

**ကိုလိုနီလက်…
ချက်အမျိုးမျိုးဖြင့်…
အာဏာကို ကျူး…
နစ္စတန်၌ ပြည်ပ…
ပြည်သူများ ဒု…
တွေ့ရစဉ်။**

ာ်သစ်ဝါဒီတို့သည် သံတမန်နည်း သုံးတတ်သည်။ မီဒီယာ သုံးတတ်သည်။ သံတမန်နည်းသုံးကာ နိုင်ငံတကာ ၊ မဟာမိတ်နိုင်ငံများမှတစ်ဆင့် ပစ်မှတ် နိုင်ငံများကို ည်။ မီဒီယာများသုံးပြီး မှိုင်းတိုက်သည်။ သပ်လျှိုသည်။ မှန်ကန်သော စွပ်စွဲချက်များ ထပ်ခါတလဲလဲ ရေးသား ိုင်ငံ အများကထိုနိုင်ငံကို အထင်လွဲစေရန် လူ့အခွင့်အရေး၊ မူးယစ်ဆေးဝါးပြဿနာ၊ အကြမ်းဖက်မှု၊ အန္တရာယ် ာက်နက်များ ထုတ်လုပ်မှုစသည့် အများကြိုက်စကား ်ဝါဒဖြန့် မှိုင်းတိုက်သည်။



(၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

မြန်မာနိုင်ငံအား နယ်ချဲ့အင်္ဂလိပ်တို့က တတိယအကြိမ် ကျူးကျော်စစ်ဆင်တိုက်ခိုက် သိမ်းပိုက်ပြီးနောက် ၁၈၈၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဘုရင်ခံနှင့် ဇနီးတို့ မန္တလေးမြို့ ဆိပ်ကမ်းသို့ ရောက်ရှိလာကြစဉ်။

ရိယာယ် သတိပြုကာကွယ်

ခိုင်ထက်အောင်

ကိုလိုနီစနစ်သစ် (ဝါ) ပုံစံသစ်ဆိုသည်မှာ နိုင်ငံများတွင် မိမိတို့ စိတ်တိုင်းမကျ၊ မလိုလားသော အစိုးရများ၊ နိုင်ငံခေါင်းဆောင်များကို တစ်နည်းနည်းဖြင့် ဖြုတ်ချဖယ်ရှားပစ်မည်။ ထိုနိုင်ငံတွင်မိမိတို့ ဩဇာခံ ခိုင်းရာလုပ်မည့် အစိုးရမျိုး၊ ခေါင်းဆောင်မျိုး တင်ပေးသည်။ ထိုရုပ်သေးအစိုးရကိုကြိုးကိုင်ပြီး ယင်းနိုင်ငံကို ခြယ်လှယ်သွေးစုပ်မည်။ ထိုနည်းသည်လည်း ယင်းနိုင်ငံသားများအနေဖြင့် သွယ်ဝိုက်စွာဖြင့် သူ့ကျွန်ဘဝရောက်ရခြင်းပင်ဖြစ်သည်။

မူးယစ်ဆေးဝါးပြဿနာ၊ အကြမ်းဖက်မှု၊ အန္တရာယ်ဖြစ်စေသော လက်နက်များ ထုတ်လုပ်မှု စသည့် အများကြိုက်စကားလုံးများသုံးကာ တွင်တွင် ဝါဒဖြန့် မှိုင်းတိုက်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကဲ့သို့ ၁၉၁ နိုင်ငံကိုယ်စားပြု ကမ္ဘာ့မဏ္ဍိုင်အဖွဲ့ကြီးကို ဆန့်ကျင်သွေဖည်ပြီးနိုင်ငံတကာနှင့် ကမ္ဘာ့ပြည်သူ အများစုကြီး၏ ကန့်ကွက်နေသည့်ကြားမှ အကြမ်းဖက်တိုက်ဖျက်ရေး၊လူအများသေကျေစေသော လက်နက်များ ရှာဖွေဖျက်ဆီးရေးအမည်တပ်ပြီး အီရတ်နိုင်ငံအား ကိုလိုနီပုံစံဟောင်းဖြင့်တိုက်ခဲ့သည်။ ကိုလိုနီ ပုံစံသစ်ဖြင့် ရုပ်သေးအစိုးရတင်ပြီး နောက်ကွယ်မှ ချုပ်ကိုင်ခြယ်လှယ်ရန် ကြံစည်လုပ်ကိုင်လျက်ရှိသည်။ ကမ္ဘာ့ပြည်သူများ၏ ဆန္ဒပြကန့်ကွက်ပွဲ၌ ကိုင်ဆောင်သော ပိုစတာများအရ ထိုနိုင်ငံကြီးသည်အီရတ်၏ ပေါကြွယ် ဝလှသော ရေနံများ အပိုင်စီးရန် အီရတ်ကို တိုက်ခိုက် ကျူးကျော်ခြင်းဖြစ်ကြောင်း သိနိုင်ကြပေသည်။

ကိုလိုနီလက်သစ်ဝါဒီတို့သည် အကြောင်းပြချက်အမျိုးမျိုးဖြင့် အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကို ကျူးကျော်ကြသည်။ ပုံတွင် အာဖဂန်နစ္စတန်၌ ပြည်ပကျူးကျော်တိုက်ခိုက်မှုကြောင့် ပြည်သူများ ဒုက္ခဆင်းရဲ ရောက်ကြရသည်ကို တွေ့ရစဉ်။



စီအိုင်အေတွင် ပြည်ပကျွမ်းကျင်သူများအဖြစ် တာဝန်ယူခဲ့သော ချားလ်မားဂျွန်ဆင် (Chalmers Johnson) က သူရေးသားခဲ့သော The Sorrow of Empire စာအုပ်တစ်နေရာတွင်–

> အီရတ် သမ္မတဆက်ဒမ်ဟူစိန်နှင့် သူ၏ ဘာ့သ်ပါတီကို စီအိုင်အေက အသုံးချကာ ဆိုဗီယက်ဘက်ယိမ်းသည့် ဗိုလ်ချုပ်ကြီး အဗ္ဗဒယ် ကာရင်လာဆင်ကို ဖြုတ်ချရှင်းပစ်ပုံ၊ စီအိုင်အေ၏ မြောက်စားမှုဖြင့် ဆက်ဒမ်ဟူစိန်၏ ဘာ့သ်ပါတီ အာဏာရလာပုံ၊ အီရန်နှင့် အီရတ်စစ်ပွဲတွင် ဆက်ဒမ်ဟူစိန်အား အမေရိကန်က လက်နက်ဝယ်ယူရန် ဒေါ်လာသန်းပေါင်း ၅၅၀၀ ထောက်ပံ့ခဲ့ပုံ၊ အီရတ်သို့ အမေရိကန်က ၁၉၈၆ခုနှစ်မှ ၁၉၈၉ ခုနှစ်အတွင်း ထောက်ပံ့ရေး ပစ္စည်းမျိုးစုံ ၇၃ ကြိမ် ပေးပို့ခဲ့ရာ၌ ဒေါ်သန်းပိုးမွေးမြူသည့် ကိရိယာများ၊ အဆင့်မြင့် ကွန်ပျူတာများ၊ ဂျက်အင်ဂျင်နှင့် ဒုံးပျံပြင်ဆင်သည့် ပစ္စည်းများပါဝင်ပုံ၊ အီရတ်သို့ အမေရိကန်နှင့် အနောက်အုပ်စု ကုမ္ပဏီများက လက်နက်နှင့် လက်နက်ပစ္စည်းများ ရောင်းချပေးခဲ့ပုံ၊ ၁၉၈၄ ခုနှစ်တွင် အမေရိကန်က အီရတ်သို့ လက်နက် တိုးမြှင့် ရောင်းချပေးပုံ၊ ယခု အမေရိကန် သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ဖခင် ဂျော့ဂျ်၊ ဘုရှ်သည် အီရတ်အား အပိုင်တိုက်ခိုက် သိမ်းယူပြီး ရေနံကို လက်ဝါးကြီးအုပ်ရန် ကြံစည်ခဲ့ပုံ၊ ကမ္ဘာတွင် ဒုတိယအကြီးဆုံး ရေနံသိုက်ကြီးရှိသည့် အီရတ်အား ယခု သမ္မတဘုရှ်က အပိုင်စီးရန်အတွက် ဆက်ဒမ်ဟူစိန်ကို အပြစ်ရှာစွပ်စွဲကာ ကျူးကျော်စစ် ဆင်နွှဲခဲ့ပုံ၊ အမေရိကန်သည်လည်း အလယ်အာရှနိုင်ငံများမှ ရေနံများ သယ်ထုတ်ရာ၌ ရေနံပိုက်လိုင်းများ သွယ်ရမည်ဖြစ်ရာ ခရီးအတိုဆုံးဖြစ်သည့် အာဖဂန်နစ္စတန်ကို ဖြတ်ပြီး ပါကစ္စတန် ဆိပ်ကမ်းအထိ ပိုက်လိုင်းသွယ်နိုင်ရေးအတွက် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှု မတိုင်မီကပင် အာဖဂန်နစ္စတန်ကို ကျူးကျော်ပြီး တာလီဘန်အစိုးရကို ဖယ်ရှား၍ ဩဇာခံ ရုပ်သေးအစိုးရတင်ရန် စီစဉ်နေပုံ၊ ထိုအချိန် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှု ဖြစ်လာသည်ကို အခွင့်ကောင်းယူလျက် အိုစမာဘင်လာဒင်ကဲ့သို့သော စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှု တရားခံဖမ်းရန် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲ အမည်ခံကာ အာဖဂန်ကို တိုက်ခဲ့ပုံတို့ကို ဖော်ပြထားသည်။

ဒုတိယကမ္ဘာစစ်နောက်ပိုင်းကိုလိုနီလက်သစ်တို့၏ ကျူးကျော်တိုက်ခိုက်မှုများဖြစ်သည့် ကိုရီးယားစစ်ပွဲ၊ဗီယက်နမ်စစ်ပွဲ၊ပနားမား၊ ဆိုမာလီယာ၊ဒိုမီနီကန်၊ ဂရင်နေဒါ၊ဘော့စနီးယား ဟာဇီဂိုဗီးနား၊ဆားဘီးယား၊ ဟေတီနိုင်ငံစသည့် နိုင်ငံများကိုကြည့်လျှင် ကိုလိုနီလက်သစ်ပုံစံဖြင့် ထိုနိုင်ငံများ၏ အချုပ်အခြာအာဏာကို ချိုးဖောက်ခဲ့ပုံများ တွေ့မြင်နိုင်မည်ဖြစ်သည်။ယင်းလုပ်ရပ်များသည် နိုင်ငံတကာ (ကမ္ဘာ)၏ လွတ်လပ်ရေးများကို မိမိတို့အကျိုးစီးပွားအတွက် စစ်ရေးအရဝင်စွက်ဖျက်ဆီးပစ်ခြင်းသာဖြစ်ပေသည်။

ကိုလိုနီလက်သစ်တို့၏ သွေးထိုးလှုံ့ဆော်မှု ပယောဂကြောင့် ပြည်တွင်းစစ် ဖြစ်ပွားခဲ့ရာတွင် ဆင်းရဲဒုက္ခ ရောက်ကြရသည့် ဆူဒန်ပြည်သူများကို တွေ့ရစဉ်။

ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ပါမှုများ၊ ကုလသမဂ္ဂ အခြေခံမူများ၊ နိုင်ငံတကာ ဥပဒေစံနှုန်းများကို ချိုးဖောက်ပြီးနိုင်ငံများ၏ လွတ်လပ်ရေးကို ဖျက်ဆီးကာ ၎င်းတို့၏ အကျိုးစီးပွား သက်သက်ကိုသာ ဖော်ဆောင်တတ်သည့် ကိုလိုနီလက်သစ်ပုံစံများ ယနေ့ကမ္ဘာတွင် ခေါင်းထောင် မင်းမူလာလျက်ရှိရာ ကိုလိုနီလက်သစ်တို့၏ ပရိယာယ်နှင့် ထောင်ချောက်ကို သတိကြီးစွာထားလျက် တွန်းလှန် တိုက်ဖျက်သွားရန် အရေးကြီးကြောင်း နှိုးဆော်လိုက်ရပါသည်။ ။

★ ★ ★



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ကြံသတင်းလွှင့်ချက်များကြောင့် ပြည်သူအချို့ အမှန်အမှား မခွဲခြားနိုင်ဘဲ သံသယဝင်သွားနိုင် သတင်းအမှန်အမှား ကွဲကွဲပြားပြား ခြားခြားနားနား သိရှိစေရန် ဆောင်ရွက်ရေး တာဝန်ကျလာ

ရန်ကုန် ဇန်နဝါရီ ၁

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာ သင်တန်းအမှတ်စဉ်(၃)သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေး၊ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြမည့် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသူများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအခိုင်အမာတည်ဆောက်လိုသူများ၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို လိုလားသူများ၊ အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ကြမည့် မျိုးဆက်သစ် လူငယ်များကို မွန်မြတ် မှန်ကန်သော ရည်ရွယ်ချက်၊ အခြေခံမူ၊ ကတိသစ္စာ၊ ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများဖြင့် အသင်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း။

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် နိုးကြားတက်ကြွစွာ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ အသင်းကြီး၏ စီမံရေး၊ စည်းရုံးရေး၊ စီးပွားရေး၊ လေ့ကျင့်ရေးကိစ္စများကို အရှိန်အဟုန်ဖြင့် လှုပ်ရှားဆောင်ရွက်ရာ၌ ပြည်သူ့အကျိုး စီးပွားကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့သဖြင့် အသင်းကြီး၏ မှန်ကန်မွန်မြတ်သည့် ရပ်တည်ချက်၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များသည် လူငယ်ထုအတွင်း၊ပြည်သူအတွင်း စိမ့်ဝင်ပျံ့နှံ့ပြီးယုံကြည်သက်ဝင်လေးစားလိုက်နာ ပူးပေါင်းဆောင်ရွက်လာကြခြင်းကြောင့် လူတန်းစား အလွှာစုံ၊ နယ်ပယ်စုံ၊ ကဏ္ဍစုံက အသင်းဝင်အင်အားတိုးတက်များပြားလာကြောင်း။

အသင်းဝင်များ အရေအတွက်ရော အရည်အချင်းပါပြည့်ဝစေရန် ဗဟိုနှင့် အသင်းအဆင့်ဆင့်က သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများဖွင့်လှစ်ပေးပြီး ခံယူချက်၊ ယုံကြည်ချက်၊ သဘောတရား၊ အတွေးအခေါ် အယူအဆ၊ လုပ်နည်းကိုင်နည်းများ တစ်ပြေးညီ တိုးတက် မြင့်မားလာရေး လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး လက်တွေ့တာဝန်များ ဆောင်ရွက်စေခြင်းသည် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေး၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများ ထက်မြက်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲရေးသင်တန်းသည်လည်း လေ့ကျင့်ပျိုးထောင်ပေးမှုများအတွင်း တစ်ခုဖြစ်ကြောင်း။

လမ်းညွှန်မှာကြားခဲ့

အသင်းနာယကကြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အမှုဆောင်များအဆင့်မြင့် စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲတွင်**အသင်းဝင်လူငယ်များကို လေ့ကျင့်ပျိုးထောင်ရာမှာ အဓိကအပိုင်း(၂)ပိုင်းကို ဖွံ့ဖြိုးတိုးတက်အောင် မျှော်မှန်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ပထမအပိုင်း မြန်မာ့လူ့အဖွဲ့အစည်းကို ချစ်မြတ်နိုးမှု၊ တစ်မျိုးသားလုံးရဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပိုင်ဆိုင်မှုတန်ဖိုးများကို အလေးထားမှု၊ တရားဥပဒေနဲ့ ရပ်ရွာစည်းကမ်းများကို လိုက်နာမှုစတဲ့ ခံယူမှုအပိုင်းနဲ့ ဒုတိယအပိုင်း တာဝန်သိစိတ်ဓာတ်အတွက် မိမိနိုင်ငံကို ချစ်မြတ်နိုးမှု၊ အမျိုးသားစရိုက်လက္ခဏာနဲ့ အမျိုးသားရေးတာဝန်ကို သိရှိစေမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်ရှိမှု၊ မိမိနိုင်ငံကို ကာကွယ်လိုမှု၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုတဲ့ စိတ်ဓာတ်ရှိမှုများကို ဦးတည်လေ့ကျင့်ပေးရမယ်** ဟု လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် အသင်းကြီးနှင့် ပြည်သူများသည် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံ နေ့မအား၊ ညမနားမနေ ကြိုးပမ်းဆောင်ရွက်နေသော်လည်း ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၊ ပြည်ပမီဒီယာများက မဟုတ်မမှန်ဝေဖန်ပြောဆိုရေးသားထုတ်လွှင့်နေသည်ကို တွေ့ရကြောင်း၊ ခေတ်မီနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများ၊ နည်းပညာ ကွာဟမှုများကို အခွင့်ကောင်းယူပြီး ကိုလိုနီနယ်ချဲ့လက်သစ်များက ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ယဉ်ကျေးမှု မျက်နှာစာများက စိမ့်ဝင်ထိုးဖောက်ရုံမက သတင်းနှင့် ပြန်ကြားရေးမီဒီယာများကို အသုံးပြုပြီး လွှမ်းမိုးခြယ်လှယ်မှုများလုပ်ဆောင်နေကြောင်း၊မဟုတ်မမှန်လုပ်ကြံသတင်းလွှင့်ချက်များကြောင့် ပြည်သူအချို့အနေဖြင့် အမှန်နှင့် အမှားမခွဲခြားနိုင်ဘဲ သံသယ ဝင်သွားသည်မျိုးများလည်း ရှိနိုင်သဖြင့် သတင်းအမှန်၊အမှား ကွဲကွဲပြားပြား ခြားခြားနားနား သိရှိစေရန် ဆောင်ရွက်ရေးတာဝန် ကျရောက်လာပြီဖြစ်ကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ရာ၌ အသင်းဝင်များအနေဖြင့် ယုံကြည်ချက်၊ ခံယူချက် စွဲမြဲခိုင်မာပြီး အရည်အချင်းပြည့်ဝသည့် အရေအတွက်များဖြစ်ရန်လိုအပ်ကြောင်း၊ မိမိ၏ ရည်မှန်းချက်၊ မျှော်လင့်ချက်များ မုချမသွေပြည့်စုံအောင်မြင်ရမည်ဟု သိမှုသဘောသည် ယုံကြည်ချက်ဖြစ်ကြောင်း၊မိမိယုံကြည်သည့် အတိုင်းအောင်မြင်စေရန် ဖြစ်နိုင်သောနည်းလမ်းများနှင့်လုပ်ဆောင်မည်ဟု သန္နိဋ္ဌာန်စိတ်ဖြင့် လုပ်ဆောင်ခြင်းသည် စွဲမြဲလေးနက်သည့်ခံယူချက်ဖြစ်ကြောင်း၊ မှန်ကန်သည့်ယုံကြည်ချက်ရှိသူသာ မှန်ကန်သည့်ခံယူချက်ရှိမည်ဖြစ်ကြောင်း၊ စွဲမြဲခိုင်မာသည့် ယုံကြည်ချက်ရှိမှသာ ခံယူချက်သည်လည်း စွဲမြဲခိုင်မာမည်ဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့်မိမိကိုယ်မိမိ ဝေဖန်သုံးသပ်ပြီး စွဲမြဲခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်ရှိသူများဖြစ်စေရန် ကြိုးပမ်းလေ့ကျင့်နေကြရမည်ဖြစ်ကြောင်း။

နယ်မြေလူထု၏ ဆန္ဒ၊ခံစားချက်နှင့် ဘဝကိုသိရှိပြီး၊ လက်ငင်းအကျိုးနှင့်ရေရှည်အကျိုးရှိစေရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ နယ်မြေလူထု အကျိုးရှိမည့် လုပ်ငန်းများတွင် အောင်မြင်အောင်ပါဝင်ဆောင်ရွက်ရင်းနယ်မြေလူထု၏ ခင်မင်မှု၊ ယုံကြည်မှုကို တိုးမြှင့်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူတို့ယုံကြည်ကိုးစားမှုမေတ္တာကို ခံယူပြီး ပြည်သူကိုကိုယ်စားပြုသည့် အမျိုးသားအင်အားစုကြီးအဖြစ် ခိုင်မာတောင့်တင်းရေး စည်းရုံးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အသင်းကြီး၏ ပြန်ကြားရေးမှူးကောင်း၊ စည်းရုံးရေးမှူးကောင်း၊ တည်ဆောက်ရေးမှူးကောင်းများအဖြစ် အသင်းဝင်များအကြား၊ ပြည်သူလူထုအကြား ရပ်တည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး ယခုရှိနေသည့် ဖွံ့ဖြိုးတိုးတက်နေသည့် အရှိန်အဟုန်၊ အချိန်အခါကောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင် ဦးရွက်ကောင်း၊ အခွင့်ကောင်းများကို လက်မလွှတ်တမ်းဆုပ်ကိုင်ပြီးပြည်သူ့အကျိုး၊ နိုင်ငံအကျိုးကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အဆိုပါ သင်တန်းသို့ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသား၂၀၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

ကိုမင်းသူ-မဝါဝါအောင်တို့ကသမီးလေး-မယမင်းဝင့်ဝါ၏(၃)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန် အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းသို့ ဒီဇင်ဘာ၁၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၅ ခုနှစ် အိုင်စီတီ ရက်သတ္တပတ် ရန်ကုန်မြို့ MICT Park တွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှစ်ပတ်လည်အခမ်းအနားနှင့် ရက်သတ္တပတ်ကို ယခင်နှစ်များနည်းတူ ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက်အထိ MICT Park တည်ရှိရာ လှိုင်မြို့နယ် ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အိုင်စီတီ ရက်သတ္တပတ်တွင် ဝန်ကြီးဌာန ပြခန်းများ၊ ပြည်တွင်း/ပြည်ပ အိုင်စီတီကုမ္ပဏီများမှ ကွန်ပျူတာပစ္စည်းများ၊ ဆော့ဖ်ဝဲ၊ ဟာ့ဒ်ဝဲများနှင့် နည်းပညာများကို ခင်းကျင်းပြသမည့် ပြခန်းပေါင်း ၂၀၀ ပါဝင်မည်ဖြစ်သည်။

၂၀၀၅ ခုနှစ် အိုင်စီတီ ရက်သတ္တပတ်တွင် Natural Language Processing. Capacity Building & Outsourcing Models.၊ Information Security အစရှိသည့် အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်းကောင်း၊ Programming.၊ Web Development & Network Game ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပသွားမည် ဖြစ်ကြောင်းနှင့် ပါဝင်ခင်းကျင်းပြသလိုသော ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများ၊ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဇန်နဝါရီ ၁၀ရက် နောက်ဆုံးထား၍ လှိုင်မြို့နယ် MICT Park ၊ ဖုန်း-၆၅၂၂၇၂၊ ၆၅၂၂၇၃၊ ၆၅၂၂၇၄ သို့ ဆက်သွယ် မေးမြန်းနိုင်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓမ္မာအဌကထာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ ဆပ်သွားတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Say it in English.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာချစ်ပန်း" (အပိုင်း-၅၇)**
- ၁၂:၂၅ ၅။ ပုလင်းရေလှောင်တမံ
- ၁၂:၃၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကောင်းရာကောင်းကြောင်း" (ရဲမင်းပိုင်၊ အောင်ပိုင်၊ ဟန်နီထွန်း၊ ရွှန်းလဲ့ဦး) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိန်းထွင့်)**
- ၂:၀၀ ၇။ တေးဂီတအစီအစဉ်
- ၂:၁၅ ၈။ အတီးပြိုင်ပွဲ
- ၂:၃၀ ၉။ ရှမ်းပြည်နယ်အရှေ့ပိုင်း နမ့်မွှေတံတား
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၁၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၄၀ ၅။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၄:၅၀ ၆။ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၀၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၅:၅၀ ၈။ **Tiger Cup ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ) (ဒုတိယပွဲစဉ်) (စင်ကာပူနှင့်မြန်မာ)**
- ၈:၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရှေးရှု "နှစ်ဆယ့်လေးမည်ရောင်စုံပွင့်လန်း အလှပန်း (အပိုင်း-၂)
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ"(အပိုင်း-၆)**
- ၁၄။ နောက်တစ်နေ့အစီအစဉ်
- ၁၅။ အစီအစဉ်ပြီး၏။

❖ **ကျောဖုံးမှ**

ငွေကြေးအမြောက်အမြား အသုံးပြုဆောင်ရွက် ဖွင့်လှစ်ပေးနေသည့် ကျောင်းများအနက် အင်းတကော် အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းဆောင်သစ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်နှင့် ပြည်သူများ ပူးပေါင်းလက်တွဲပြီး ပညာရည်မြင့်မားမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်ပေးနေသည့် ကျောင်းပေါင်းများစွာအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း။

ပြောကြား

ထို့ကြောင့် နိုင်ငံတော်၏စေတနာကို လေးစားသည့်အနေဖြင့် ယနေ့ဖွင့်လှစ်ပေးသည့် စာသင်ကျောင်းဆောင်သစ်နှင့် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများကို အသုံးပြုပြီး နိုင်ငံတော်ကို အကျိုးပြုသည့် ပညာတတ်ကြီးများဖြစ်အောင် ဆရာ၊ ဆရာမများက စေတနာထား သင်ကြားပေးကြရန်နှင့် ကျောင်းသူ၊ ကျောင်းသားများကလည်း ကြိုးစားသင်ယူကြရန် အလေးအနက်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျောင်းဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျောင်းသား၊ ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပဲခူးကားလမ်း မိုင်တိုင်အမှတ် (၃၄/၇)နှင့် (၃၅)ကြားတွင် ပဲခူးတိုင်း ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် အလိုင်နီ ရေလှောင်တမံ ရေသောက်စနစ် တူးမြောင်းမကြီးလမ်းဖြတ် ရေပေးအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ညွှန်ကြားရေးမှူး ဦးအေးမြင့်က အလိုင်နီ ရေလှောင်တမံစီမံကိန်း ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အချိန်နှင့်တစ်ပြေးညီ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရန်ကုန်-ပဲခူးကားလမ်းကိုဖြတ်၍ တူးမြောင်းဖောက်လုပ်ရန် စက်ယန္တရားများဖြင့် ဆောင်ရွက်နေသည်ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်နှင့်တစ်ပြေးညီပြီးစီးရေး မှာကြားသည်။

အလိုင်နီ ရေလှောင်တမံ စီမံကိန်း ရေသောက်စနစ်တွင် ရေပေးတူးမြောင်းမကြီး အလျား ၁၄ မိုင်အနက် ၃ ဒသမ ၆ မိုင်နှင့် တူးမြောင်းအဆောက်အအုံ ခုနစ်ခု တည်ဆောက်ပြီးစီးပြီး အင်းတကော်၊ သာယာကုန်း၊ လသာကုန်း၊ ကော့ချဲဘုရားငုတ်တို၊ ထုံးကြီးနှင့် မော်လုံကျေးရွာ အုပ်စုများမှ ဧက ၅၀၀၀ ခန့်ကို ရေပေးဝေနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အင်းတကော် သုတေသနနှင့် မျိုးပွားခြံသို့ ရောက်ရှိကြရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပဲခူးတိုင်းမန်နေဂျာ ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အဆိုပါ ခြံသင်တန်းခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် မြန်မာ့နှစ်ရှည်ပင် လုပ်ငန်းမှ တာဝန်ရှိသူများ၊ ရော်ဘာခြံလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ပဲခူးတိုင်း၏ စီးပွားရေးကို အထောက်အကူပြုနိုင်မည့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့စိုက်ပျိုးရန် တိုက်တွန်းအားပေးလို၍ မိမိလာရောက်ခြင်း ဖြစ်ကြောင်း၊ ပဲခူးတိုင်းတွင် ရော်ဘာစိုက်ဧက တစ်သိန်းပြည့်မီစေရန် သုံးနှစ်အတွင်း စိုက်ဧကခြောက်သောင်းကျော် တိုးချဲ့စိုက်ပျိုးရန် စီမံချက်ရေးဆွဲထားရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့တွင် ၂၀၀၅-၂၀၀၆ မှ ၂၀၀၇-၂၀၀၈ ခုနှစ်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဧကငါးထောင် စိုက်ပျိုးရန် သတ်မှတ်ထားရာ လိုအပ်သည့် ရော်ဘာပျိုးပင်များ အချိန်မီရရှိရေးအတွက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ ထို့အပြင် ဆက်လက်ဆောင်ရွက်မည့် ၂၀၀၆-၂၀၀၇ ခုနှစ်နှင့် ၂၀၀၇-၂၀၀၈ ခုနှစ်များတွင်လည်း စိုက်ဧကနှင့် လိုအပ်သည့် ပျိုးပင်ပြည့်မီအောင် ရရှိရေးအတွက် ယခုကပင် ရော်ဘာပျိုးခြံများ ထူထောင်ခြင်း၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်းစသည့် ဆောင်ရွက်သင့်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန် လိုမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် ဖွဲ့စည်းမည့် ကြီးကြပ်ညှိနှိုင်းမှုအဖွဲ့များအနေဖြင့် ကွင်းဆင်းစစ်ဆေးမှုများကို မပြတ်ဆောင်ရွက်ရန် လိုမည်ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရော်ဘာစိုက်ပျိုးရန် မြေရယူထားပြီး အပြည့်အဝ စိုက်ပျိုးနိုင်ခြင်း မရှိသည်များနှင့် စပ်လျဉ်း၍ လိုအပ်သလို စီစဉ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရော်ဘာခြံလုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်ပိုင်းမှ ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး တိုင်းနှင့် မြို့နယ်အဆင့်မှ ဆောင်ရွက်ပေးရမည့်ကိစ္စများကိုလည်း တိုင်းနှင့် မြို့နယ်များမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ရော်ဘာခြံလုပ်ငန်းရှင်များအနေဖြင့် ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ကြပြီး အပြည့်အဝ စိုက်ပျိုးသွားကြရန် ဖြစ်ကြောင်းနှင့် ပဲခူးတိုင်းအတွင်း ရော်ဘာစိုက်ပျိုးရေး စီမံချက် အောင်မြင်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အင်းတကော်-ထုံးကြီး ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပဲခူးမြစ်အနီးရှိ ပဲခူးမြစ်ကူးတံတား(ကဝ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာ ဦးတင်ထွဋ်၊ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့ (၁)မှ လက်ထောက် အင်ဂျင်နီယာ ဦးဝင်းမင်းထွဋ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား လက်ထောက် အင်ဂျင်နီယာ ဦးဝင်းမင်းထွဋ်က တံတားတည်ဆောက်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တံတားတည်ဆောက်ရေး စီမံကိန်းမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

● **ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်မှ**

ဆက်လက်၍ ဝန်ကြီးသည် Ngapali Amata Hotel သို့ ရောက်ရှိရာ ဟိုတယ်လုပ်ငန်းခွင်၌ ဦးဝင်းအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများကို လှည့်လည်ပြသသည်။ ဝန်ကြီးသည် ကမ်းခြေ သဲသောင်ပြင်၌ စိတ်အေးချမ်းမြေ့စွာ အပန်းဖြေလျက်ရှိသော ပြည်တွင်း၊ ပြည်ပ ဧည့်သည်များအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးသည် ငပလီ ကမ်းခြေဟိုတယ်ကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြင့်ပြုပြင်မွမ်းမံရေးအတွက် မှာကြားသည်။

တွေ့ဆုံနှုတ်ဆက်

ဆက်လက်၍ ငပလီကမ်းခြေဒေသ ဖွံ့ဖြိုးရေးပင်မ စီမံကိန်းနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်က ရှင်းလင်းတင်ပြသည်။ ထို့နောက် ငပလီကမ်းခြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြင့်တင် တည်ဆောက် ဆောင်ရွက်လျက်ရှိသော Ngapali Treasure Beach Hotel, Jade Marina Resort နှင့် Thande Beach Hotel စီမံကိန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် Ngapali Bay View Hotel ကို သွားရောက်ကြည့်ရှုပြီး ဟိုတယ်၌အေးချမ်းပျော်ရွှင်စွာ တည်းခိုနေထိုင်လျက်ရှိသော ပြည်တွင်း၊ ပြည်ပ ဧည့်သည်များအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

မြန်မာနိုင်ငံ၏ ငပလီ၊ ချောင်းသာ၊ ငွေဆောင် စသည့်ကမ်းခြေဒေသများ၌ ပြည်တွင်း၊ ပြည်ပဧည့်သည်များသည် စိတ်နှလုံး ချမ်းမြေ့ပျော်ရွှင်စွာဖြင့် အပန်းဖြေအနားယူ နေထိုင်လျက်သည်။ (သတင်းစဉ်)

❑ **ကပ္ပလီပင်လယ်ပြင်မှ**

သို့ပါ၍ အဆိုပါ လျှော်ဒဏ်ကြောင့် စုစုပေါင်း လူ ၅၉ ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူမှာ ယခင်အတိုင်း ၄၃ ဦးဖြစ်ကာ ပျောက်ဆုံးသူမှာ သုံးဦးဖြစ်ပါသည်။

ကျေးရွာပျက်စီးမှုနှင့် အိုးမဲ့အိမ်မဲ့ဖြစ်မှုမှာယနေ့ထပ်မံရရှိသော စာရင်းဇယားများအရ ကျေးရွာ ၁၇ရွာ (အိမ် ၅၉၂ အိမ်) ပျက်စီးပြီး အိမ်ထောင်စုအားဖြင့် ၆၃၈စု၊ လူဦးရေအားဖြင့် ၃၂၀၅ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း သိရှိရပါသည်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲစုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဆောက်လုပ်ရန် သထုံမြို့ မြို့သူ၊ မြို့သားများက အလှူငွေကျပ် ၅၈၆၄၆၃၀ ကို ဦးရှိန်ဝင်း(ဥက္ကဋ္ဌ)နှင့် ဦးဌေးမြင့်(ဘဏ္ဍာရေးမှူး)တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုကဗျာ

လွယ်လင့်တကူရယူခဲ့ခြင်းမဟုတ်ပါ

* လွယ်လင့်တကူ၊ ခူးဆွတ်ချူ၍
ရယူခဲ့သည်၊ မဟုတ်ပြီမို့
ရေရှည်တည်ရန်၊ သန္နိဋ္ဌာန်ဖြင့်
ဇောက်ထိန်းသိမ်းသင့်လှသည်။

* တောင်းရမ်းယူထား၊ မဟုတ်ငြားဘဲ
သွေးသားအသက်၊ လဲလှယ်စက်၍
တိုက်လျက်ယူထား၊ တန်ဖိုးများကို
လေးစားအမှတ်ရသင့်သည်။

* သနားသဖြင့်၊ ပေးကမ်းလင့်ကြောင့်
အသင့်ရတာ၊ မဟုတ်ပါမို့
သေချာမြင့်မြတ်၊ထိန်းသိမ်းတတ်ရန်
မပြတ်သတိချပ်သင့်သည်။

* ကျွန်ဖြစ်ရေးမှာ၊ မခက်ပါလည်း
ပြန်ကာလွတ်ရေး၊ အသက်သွေးတို့
စတေးရင်းနှီး၊ တန်ဖိုးကြီးပြီး
စစ်မီးကြားမှာ၊ တိုက်ယူပါမို့
တစ်ခါသေထား၊ ပျဉ်ဖိုးနားလည်
နောက်များထပ်ကာ၊ မဖြစ်ပါသင့်
နှစ်ခါသေငြား၊ သေသူ့အမှားမို့
ကျား၏မာယာ၊ စဉ်းလဲစွာကို
သေချာသတိ၊ မြင်အောင်ကြည့်၍
ရှယ်သည့်စခန်း၊ လမ်းဖြောင့်တန်းသို့
ခြေလှမ်းမှန်ကာ၊ စည်းလုံးစွာဖြင့်
ညီညာခရီးဆက်ကြစို့။ ။

ရန်နိုင်ဦး

မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေး ပညာပေးစခန်း စပါးရိတ်သိမ်းပွဲနှင့် ဆန်စက်ငယ်ကြိတ်ခွဲပြသသည့် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မြစိမ်းရောင် စိုက်ပျိုးမွေးမြူရေးပညာပေးစခန်း စပါးရိတ်သိမ်းပွဲနှင့် ဆန်စက်ငယ်များသရုပ်ပြ ကြိတ်ခွဲပြသသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြစိမ်းရောင် ဘက်စုံ စိုက်ပျိုးမွေးမြူရေး ပညာပေးစခန်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းမှ ကျေးရွာ ရပ်မိရပ်ဖများနှင့် တောင်သူဦးကြီးများ တက်ရောက်ကြသည်။

ပြသ

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က မြစိမ်းရောင်စပါး စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်၊ အထွက်ကောင်း မျိုးစပါးထွက်ရှိမှု၊ နည်းပညာပြန့်ပွားပေးမှု အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြစိမ်းရောင် မိုးစပါးရိတ်သိမ်း ခြွေလှေ့နေမှုကိုပြသသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မြစိမ်းရောင် ဘက်စုံ စိုက်ပျိုးမွေးမြူရေး စခန်းအတွင်းရှိ ငါးမွေးမြူရေးကန်များနှင့် ခင်းကျင်းပြသထားသည့် သောင်းဝင်း စက်မှုလက်မှု၏ ဆန်စက်နှင့် ဆန်နမူနာ ကြိတ်စက်ကိုလည်းကောင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ ဆန်စက်ငယ်များကိုလည်းကောင်း၊ မြစိမ်းရောင်စပါးနှင့် ဆန်နမူနာများကိုလည်းကောင်း၊ စက်အပိုပစ္စည်းနှင့် ဇော်ဘာ ကြိတ်လုံးများကို လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်များမှ ထုတ်လုပ်သည့် လယ်ယာသုံး စက်ကိရိယာများ၊ မော်တော်ယာဉ်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၏ C.N.G စနစ်သုံး လယ်ယာ ရေတင်စက်အားလည်းကောင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ တာဝန်ယူတပ်ဆင်သည့် ရေနံဓာတ်ငွေ့ရည် (L.P.G) စနစ်မှသဘာဝဓာတ်ငွေ့ (C.N.G) စနစ်သို့ ပြောင်းလဲ တပ်ဆင်ထားသည့် ဆလွန်း မော်တော်ယာဉ်များ၊ ဒီဇယ်ဆီမှ C.N.Gစနစ်ပြောင်း တီအီးမော်တော်ယာဉ်နှင့် သဘာဝရေဖိအားသုံး ရေတင်စက်တို့ကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းမှူးက လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။**

၂။ **ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။**

၃။ **ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။**

၄။ **အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။**

မဂ်လာဗျူဟာ (၇)ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ်တွင် (၂၆)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းကို ဇန်နဝါရီ ၂ရက် ညမှ စတင်ကျင်းပ၍ တရားစခန်းတွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်းနှင့် ကမ္မဋ္ဌာနာစရိယ ဆရာလေးဦးတို့က အနီးကပ်ညွှန်ကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရန် ဖုန်း-၃၇၀၉၅၈ သို့ ကြိုတင်ဆက်သွယ်ရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

မဇ္ဈိမဂုဏ်ရည် ဆရာတော် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၁

သာကေတမြို့နယ်၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကောဝိဒ အရှင်မြတ်သည် ဇန်နဝါရီ ၂ရက် ည ၇ နာရီတွင် ကျောက်တန်း မြို့မဈေး၊ ၆ရက်၊ ၇ရက် ည ၈ နာရီတွင် သာကေတမြို့နယ်(၉)ရပ်ကွက် ရတနာပုံ (၂)လမ်း၊ ၁၂ရက် ည ၇နာရီတွင် မြောက်ဥက္ကလာ ဘုန်းကြီးလမ်း၊ အောင်ဓမ္မာရုံ၊ ၁၄၊ ၁၅ ရက်ည ၈ နာရီတွင် သာကေတမြို့နယ် (၃)မာပြေ မာရဝိဇယ ဓမ္မာရုံ၊ ၁၆ ရက် ည ၈ နာရီတွင် ကျောက်တန်းမြို့နယ် မြိုင်သာယာကွက်သစ် ပြည်တော်အေးကျောင်း၊ ၁၇ ရက် ည ၇ နာရီတွင် သဃ်န်းကျွန်းမြို့နယ် ပန်းရိုက်လမ်း သာသနရက္ခိတ ဆွမ်းလောင်းအသင်း၊ ၁၈ ရက် ည ၇နာရီတွင် ဒေါပုံမြို့နယ် အေးရွာကျောင်း၊ ၂၁ရက် ည ၇နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာ ရန်ကုန်မြို့လုံး ဆိုင်ရာ ပရိယတ္တိ ဆန်လှူအသင်း၊ ၂၄ ရက် ည ၇ နာရီတွင် အင်းစိန်မြို့နယ် ရွာမ အနောက် သဒ္ဓမ္မပါလ စာသင်တိုက် စာအောင်ဆုနှင်းပွဲ၊ ၃၁ ရက် ည ၇နာရီခွဲတွင် ရွှေပြည်သာ ၈/၁၃ ရပ်ကွက်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည် ဖြစ်သည်။ (က-ပ)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တပ်ဖွဲ့/ဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဒီဇင်ဘာ ၃၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြည်ထဲရေး ဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် အကျဉ်း ဦးစီးဌာနတို့ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အောင်စောဝင်းနှင့် အကျဉ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းတို့ ဦးဆောင်သော ဌာနကြီးလေးခုမှ အရာရှိကြီးများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက နိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ဝန်ထမ်းများ အနေဖြင့် ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ထား၍ မိမိတို့ ဌာနအလိုက် ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှသာ လုပ်ကိုင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် စနစ်တကျ လုပ်ဆောင်ရန် မှာကြားလိုကြောင်း၊ လာဘ်ပေး လာဘ်ယူမှု ကင်းရှင်းရေး တိကျစွာ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန် ဆောင်ရွက်ရာ၌ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားကြရန်နှင့် အဖွဲ့အစည်းစိတ်ဓာတ်ထားရှိ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းလုပ်၍မရကြောင်း၊ ထို့အပြင် လုပ်ငန်းဆောင်ရွက်ရာတွင် ရိုးရိုးသားသား၊ ကြိုးကြိုး စားစားနှင့် မှန်မှန်ကန်ကန်လုပ်ရန် လိုအပ်ကြောင်း၊ အဓိကလုပ်ငန်းလုပ်ဆောင်ရာ၌ ရိုးသားကြိုးစား၊ စေတနာထား လုပ်ဆောင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အောင်ဘာလေထီ ကံထူးရှင်များ

ရန်ကုန် ဇန်နဝါရီ ၁

(၁၉၂)ကြိမ်မြောက် ကျပ် ၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း (၃၀၀) အထူးဆုကြီး

ပ ၄၄၈၀၁၄

ကျပ် သိန်း(၅၀) ဆုများ

ဟ ၃၀၆၄၄၆

န ၇၆၃၇၈၉

ဗ ၆၁၅၀၅၉

ကဂ ၂၄၀၁၃၂

လ ၂၁၂၅၈၇

ဈ ၉၄၈၅၀၀

သ ၄၂၈၄၇၂

ရ ၇၀၄၃၁၉

ယ ၃၉၆၁၂၁

စ ၃၆၅၄၁၂

ကျပ် (၂၅) သိန်းဆုများ

ဘ ၁၇၆၂၉၁

သ ၈၆၂၆၇၇

ည ၂၉၈၈၃၅

ဆ ၁၉၅၁၉၈

ထ ၈၂၃၄၅

ဇ ၉၄၈၄၂၀

ကက ၁၅၁၉၆၅

ခ ၅၅၃၂၈၅

ဆ ၆၃၁၅၁၄

ဠ ၂၈၆၁၉၄

ခ ၉၆၃၆၃၂

ဒ ၃၄၆၂၈၇

ကျပ် သိန်း (၅၀) (မင်္ဂလာစုံတွဲ) ဆု

ကခ ၆၀၅၆၆၆

ဖ ၄၅၉၈၄၁

ခ ၉၂၇၄၉၆

အ ၈၉၀၂၇၇

ဇ ၈၈၀၅၅၃

အ ၅၉၂၀၇၀

ဋ ၅၉၈၈၆၇

ဟ ၁၇၈၁၁၇

န ၂၇၃၇၁၀

ဆ ၆၀၉၀၅၇

ဍ ၈၃၁၄၆၅

ဇ ၃၆၁၀၅၄

ကဂ ၇၉၉၂၅၃

မ ၅၈၉၃၀၈

တ ၆၁၈၀၇၀

ကဂ ၄၄၂၄၁၂

ကဂ ၆၂၀၄၁၀

ဗ ၅၃၅၃၉၅

ခ ၉၆၈၀၄၄

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သည် ပြည်ထောင်စု တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ရည်ရွယ်၍ တိုင်းရင်းသားရိုးရာ အစားအစာ ရောင်းချပွဲကို ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ၌ ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် တိုင်းရင်းသား ရိုးရာအစားအစာများနှင့် စားသောက် ကုန်မျိုးစုံတို့ကို တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ပြင်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များက ရောင်းချသွားမည်ဖြစ်သည်။ ထို့အပြင် စတီရီယိုတေးသံရှင်များနှင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၏ ဂီတဖျော်ဖြေပွဲနှင့် ပွဲတော်သို့လာရောက်ကြသူများ ပါဝင်ဆင်နွှဲနိုင်ရန် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဈေးရောင်းပွဲတော်နှင့် ပတ်သက်၍ ဖုန်း- ၃၇၀၅၀၇၊ ၃၇၀၅၀၈၊ ၀၅၆-၂၁၁၀၅၊ ၀၉၅၀-၁၇၂၆၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုကြိုဆို နိုင်လွန်ကတ္တရာလမ်းသစ်များဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတို့သည် ယနေ့ နံနက်ပိုင်းတွင် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန်(၄) ရပ်ကွက်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် Myanmar Distribution Group (MDG) ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အမယာလမ်းနှင့် ကျန်စစ်သားလမ်း ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးသည်။

(အပေါ်ပုံ)

ယနေ့ဖွင့်လှစ်သည့် အမယာလမ်းနှင့် ကျန်စစ်သားလမ်းတို့သည် စုစုပေါင်းလမ်း အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ပေရှိပြီး MDG ကုမ္ပဏီလီမိတက်၏ ထည့်ဝင်ငွေ ကျပ် ၂၂၂သိန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးငွေကျပ် ၇၈သိန်း စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ (ကြေးမုံ)

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပညာ ရည်ချွန်ဆုပေးပွဲနှင့် အသက် (၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဓမ္မသာလခန်းမဆောင် ပိုင်ဒဗလျူစီအရှေ့ ဗိုလ်ကလေး ဈေးလမ်း ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ (တီကျစ်) ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဒီဇင်ဘာ ၂၅ ရက်တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၌ တည်ဆောက်လျက်ရှိသော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း (တီကျစ်)သို့ ရောက်ရှိပြီး တည်ဆောက်ပြီးစီးပြီဖြစ်သော အမှတ်(၁) ဓာတ်အားပေးစက်ရုံနှင့် တည်ဆောက်ဆဲ အမှတ်(၂) ဓာတ်အားပေးစက်ရုံလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ ဝန်ကြီးသည် လုပ်ငန်းဆောင်ရွက်နေကြသော တရုတ်ပညာရှင်များနှင့် စက်ရုံဝန်ထမ်းများအား အားပေးစကား ပြောကြားသည်။

ဖြည့်ဆည်း

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပေးစက်ရုံ၌ အသုံးပြုမည့် ကျောက်မီးသွေး ထုတ်လုပ်နေသည့် ရှမ်းရိုးမနဂါး ကျောက်မီးသွေး တူးဖော်ရေး စီမံကိန်းလုပ်ငန်းစခန်းသို့ သွားရောက်ပြီး ကျောက်မီးသွေး တူးဖော်နေခြင်းလုပ်ငန်း၊ ကျောက်မီးသွေး တူးဖော်ရန် အပေါ်ယံမြေလွှာများ ဖယ်ရှား သယ်ယူခြင်းလုပ်ငန်း၊ ဖယ်ရှားထားသည့်မြေလွှာများ သယ်ဖို့ လမ်းခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံရှိ ရှင်းလင်းဆောင်၌ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အင်ဂျင်နီယာဝန်ထမ်းများ၊ ရှမ်းရိုးမနဂါး ကျောက်မီးသွေး တူးဖော်ရေးစီမံကိန်းမှ တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြန့်ဖြူး

ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံ (တီကျစ်) အမှတ်(၁) စက်မှ လျှပ်စစ်ဓာတ်အား ၆၀ မဂ္ဂါဝပ် ထုတ်လုပ်မည်ဖြစ်သည်။ အမှတ်(၂) စက် ပြီးစီးပါက လျှပ်စစ်ဓာတ်အား ၆၀ မဂ္ဂါဝပ် ထပ်မံထုတ်လုပ်ပြီး လျှပ်စစ်ဓာတ်အား စုစုပေါင်း ၁၂၀ မဂ္ဂါဝပ်ကို ထုတ်လုပ်၍ တီကျစ်မှ ကလောဓာတ်အားခွဲရုံသို့ ၁၃၂ ကေဗွီ ဓာတ်အားလိုင်းနှစ်လိုင်းဖြင့် မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ဖြန့်ဖြူးမည်ဖြစ်သည်။ (သတင်းစဉ်)

မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်ပညာရေး တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ဒသမအကြိမ် မြတ်ဆရာ ပူဇော်ပွဲကို ဇန်နဝါရီ ၂၂ရက်(စနေနေ့) နံနက် ၈ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ စဉ့်ငူရပ် တောရတပ်ဦး ကျောင်းတိုက် (မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ-၇၇)၌ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် စည်းဝေးပွဲ၊ သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ ရက် မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားသို့ အသင်းဝင်များ၊ ရန်ကုန်ရောက် လေးမျက်နှာမြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဗိုလ်မှူးဗထွေး(ငြိမ်း) ဖုန်း-၆၉၉၀၀၃၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ဇော် ဖုန်း-၂၈၅၃၂၂နှင့် အတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးမောင်မောင်သွင် ဖုန်း-၅၁၃၄၃၈၊ ဦးတင်စိုး ဖုန်း-၅၂၆၀၀၆၊ ဦးဘိုစိန် ဖုန်း-၅၂၇၆၉၇ တို့သို့ ဆက်သွယ် လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ရွှေပြားအလှူတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁

(၅၄) ကြိမ်မြောက် ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာသမ္မာရဝတ်အသင်း ရွှေပြားအလှူတော် တရားပွဲ၌ ဇန်နဝါရီ ၂ ရက်တွင် ဘဒ္ဒန္တ ကောသလ္လ (ဓမ္မစေတီဆရာတော်)၊ ၃ ရက်တွင် ဘဒ္ဒန္တ သဒ္ဓါကိတ္တိသာရ၊ ၄ ရက်တွင် ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ၊ ၅ ရက်တွင် ဘဒ္ဒန္တ နရပတိ (ဖြူးဆရာတော်)၊ ၆ ရက်တွင် ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ၊ ၇ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၈ ရက်တွင် ဘဒ္ဒန္တ အဂ္ဂိသနှင့် ၉ရက်တွင် သီတဂူဆရာတော် အရှင်ဉာဏိဿရတို့က ညစဉ် ၇ နာရီမှစ၍ ဗားကရာလမ်း၊ အထက(၁) ကြည့်မြင်တိုင် (ABM) ကျောင်းရှေ့တွင် တရားပွဲများ ကျင်းပမည်ဖြစ်သည်။ (က-ပ)

ရွှေစင်သင်္ကန်း၊ လှူဒါန်းစေတီ၊ နိဗ္ဗာန်ရည်

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းရပ်ကြီးများမှ အစဉ်အလာအရ ပြုမြဲဒါနဖြစ်သော ရွှေတိဂုံစေတီတော်၏ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ရေးလုပ်ငန်းရပ်ကြီးကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှစတင်၍ ဆောင်ရွက်လျက်ရှိပါသည်။

- ရေးနှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက တည်ထားကိုးကွယ်ခဲ့သည့်
- မြန်မာနှင့် ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာဝင်တို့၏ အမွန်အမြတ် သာသနာ့အောင်လံတော်
- လေးဆူဓာတ်တော် ကိန်းဝပ်စံပယ်တော်မူ၍ နေတစ်ဆူလတစ်မင်းလို ထွန်းလင်းတောက်ပတော်မူသော

ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင်ရွှေပြား ရွှေသားသင်္ကန်းနှင့် ရွှေဆိုင်း ရွှေမျက်ပါးသင်္ကန်းတော်များ ကပ်လှူရောင်တော်ဖွင့် ပူဇော်မည်ဖြစ်ပါသည်။

- နှစ်စဉ်နှစ်တိုင်း လှူဒါန်းခွင့်မဆုံ ကြုံတောင့်ကြုံခဲ ဒါနပွဲကြီးဖြစ်ပါသည်။
- အနည်းဆုံး ငါးနှစ်ကျော်မှ တစ်ကြိမ်သာ ပြုရခဲသည့် ရွှေတောင်ကြီးပမာ မဟာအလှူပွဲကြီးဖြစ်ပေသည်။
- အခွင့်သာဆဲ ရခဲလှသော ကုသိုလ်အမှု မြတ်ဒါနကို မပြုလိုက်ရ မရှိရအောင် နိဗ္ဗာန်ရည်မျှော်နှိုးဆော်ပါသည်။
- ရွှေစင်ရွှေပြား မြတ်ရွှေသားနှင့် ရွှေဆိုင်းမျက်ပါး သင်္ကန်းများကို ပွားများသဒ္ဓါ ဖြိုးလျှံစွာဖြင့် ပူဇော်နိုင်ပါပြီ။

"ရွှေလှူလျှင်ရွှေလိုလှ ဘဝအာနုဘော်
နောင်သံသရာလိုတာရ ဒါနသာခုခေါ်
မြတ်သောရွှေပြည် အဆုံးသတ် နိဗ္ဗာန်ဝင်စံပျော်
သဒ္ဓါယိုဖိတ် ကြည်ညိုစိတ်ဖြင့် လှူဒါန်းကြပါသော်ဝ်။"

ရွှေဆိုင်း၊ ရွှေမျက်ပါး တစ်ပေ X တစ်ပေ ကျပ် ၄၇၅၀
ရွှေစင်ရွှေပြား တစ်ပေ X တစ်ပေ ကျပ် ၅၈၅၀၀၀ (ဒီ/သား)

လှူဒါန်းနိုင်သောအချိန်

၁-၁-၂၀၀၅ ရက်နေ့မှစ၍ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ။

ဆက်သွယ်လှူဒါန်းရန်လိပ်စာ

ဂေါပကအဖွဲ့၊ ရွှေတိဂုံစေတီတော်
ဖုန်း-၂၅၁၈၅၁

ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ
ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ

*** မြေလျှင် ကြိုတင်ခန့်မှန်းချက်ကို မည်သည့်နိုင်ငံတွင်မျှ ဆောင်ရွက်နိုင်ခြင်းမရှိပါ။**
*** သို့ပါ၍ ပြည်သူများအနေဖြင့် ကောလာဟလများကို မယုံကြည်သင့်ပါ။**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ဗဟိုအလုပ်အမှုဆောင်၊ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ ဒီဇင်ဘာ ၃၀ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ပညာရည် မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြု ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူများ လက်တွေ့သရုပ်ပြသင်ကြားမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (၁၉)

အလက(၄)ရန်ကင်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကင်းမြို့နယ် အလက(၄)တွင် တာဝန်ထမ်းဆောင်ခဲ့၊ ထမ်းဆောင်ဆဲ ဆရာ၊ ဆရာမများနှင့် ကျောင်းအုပ်ကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက အဌမအကြိမ် အာစရိယ ပူဇော်ပွဲကို ကျောင်းခန်းမ၌ ဇန်နဝါရီ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

ကြို့ပင်ကောက်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁

ကြို့ပင်ကောက်မြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ ရက်(တနင်္ဂနွေ)နေ့ နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရား အနောက်ဘက်စောင်းတန်း အောက်ပစ္စယာ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက် (၈၀)ပြည့်အထက် အသင်းဝင်များနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်သူများတို့က နီးစပ်ရာ အမှုဆောင်များနှင့် ဦးတင်မြင့် ဖုန်း-၆၄၀၂၆၂၊ ဦးသန်းလွင် ဖုန်း-၂၉၈၉၃၃ တို့ထံ စာရင်းပေးကြရန်နှင့် ကြို့ပင်ကောက် နယ်သူ၊ နယ်သားအားလုံး၊ အသင်းဝင်မိသားစုများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ဖိတ်ကြားထားသည်။ (က-ပ)

ဝိပဿနာတရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်း မော်လူးရွာ အင်းတော်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် ဆရာတော်ဦးဝါယမအားအမှူးပြု၍ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကျစ္စာကျောင်းဆရာတော် ဘဒ္ဒန္တ လက္ခဏာနှင့် ဘဒ္ဒန္တ စန္ဒနတို့က ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဒုတိယအကြိမ်မဟာစည်သတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဇန်နဝါရီ ၅ရက်မှ ၂၀ ရက်အထိ ၁၅ရက်တိုင် ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သင်ထောက်ကူပြုစာသင်ခန်းများဖွင့်ပွဲ တက်ရောက် ရော်ဘာခြံပိုင်ရှင်များနှင့် တွေ့ဆုံ၍ ရော်ဘာတိုးချဲ့စိုက်ပျိုးရေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၁

ပဲခူးတိုင်း ပဲခူးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဒီဇင်ဘာ ၂၈ရက် နံနက်ပိုင်းတွင် ပဲခူးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို အဆင့် (၇)ဆင့်ဖြင့် တည်ဆောက်နေသည့် အချိန်အခါဖြစ်ကြောင်း၊ နိုင်ငံတော်ရည်မှန်းချက် အောင်မြင်ရေးအတွက် အဓိကအချက်(၃)ချက်ပေါ်တွင် တည်နေကြောင်း၊ ယင်းတို့မှာ နိုင်ငံတော် အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေ စိုးမိုးရန်၊ နိုင်ငံတော်၏စီးပွားရေး တိုးတက်ကောင်းမွန်ရန်နှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်တို့ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး ကဏ္ဍတွင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်း၊ အင်းတကော် ရော်ဘာခြံတွင် ရော်ဘာပျိုးပင်များကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပင်လယ်ကမ်းခြေ ဟိုတယ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး မြန်မာနိုင်ငံကမ်းခြေဒေသများ၌ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ ပျော်ရွှင်စွာ အပန်းဖြေလျက်ရှိ

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပင်လယ်ကမ်းခြေကို ကြည့်ရှုစစ်ဆေးစဉ်။ (ဟိုတယ်/ခရီး)

ရန်ကုန် ဇန်နဝါရီ ၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ငပလီလေဆိပ်သို့ရောက်ရှိပြီးလေဆိပ်၌ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များဝင်ရောက်မှုကို ကြည့်ရှုသည်။ ထိုမှတစ်ဆင့် ဝန်ကြီးသည် Amazing Ngapali Hotel သို့ ရောက်ရှိပြီး ဝန်ကြီးအား ဟိုတယ်အထွေထွေမန်နေဂျာက ဧည့်ကြိုခန်းမ၊ ရေကူးကန်၊ စားသောက်ခန်းမနှင့် အဆင့်မြင့်အိပ်ခန်းဆောင်များကို ပြသရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဝန်ကြီးသည် Sandoway Resort သို့ ရောက်ရှိရာ ဟိုတယ်လုပ်ငန်းခွင်၌ ဦးအောင်မြတ်ကျော်နှင့်အဖွဲ့က တိုးချဲ့တည်ဆောက်ပြီးစီးသည့် လုံးချင်းအိပ်ခန်းဆောင်၊ အဆင့်မြင့် စားသောက်ခန်းမ၊ နားနေဆောင်နှင့် ရေကူးကန်များကို လိုက်လံရှင်းလင်းပြသသည်။ ဝန်ကြီးသည် ဟိုတယ်၌ တည်းခိုနေထိုင်လျက်ရှိသော ပြည်တွင်း၊ ပြည်ပ ဧည့်သည်များအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

ကပ္ပလီပင်လယ်ပြင်တွင် မြေငလျင်လှုပ်ရှားမှုကြောင့် မြန်မာနိုင်ငံကမ်းရိုးတန်းဒေသအချို့၌ ပျက်စီးဆုံးရှုံးမှုအခြေအနေ

ရန်ကုန် ဇန်နဝါရီ ၁

ကပ္ပလီပင်လယ်ပြင်တွင် ဒီဇင်ဘာ ၂၆ရက်က မြေငလျင်လှုပ်ရှားမှုကြောင့် မြန်မာနိုင်ငံကမ်းရိုးတန်းဒေသအချို့၌ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရာ ဒီဇင်ဘာ၃၁ရက်၌ နောက်ဆုံးရရှိခဲ့သော စာရင်းဇယားများအရ စုစုပေါင်း လူ ၅၃ဦးသေဆုံးပြီး ၄၃ဦးဒဏ်ရာရရှိကာ ၂၁ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ကျေးရွာ ၁၇ရွာပျက်စီးပြီး အိမ်ထောင်စုအားဖြင့် ၁၃၈စု၊ လူဦးရေအားဖြင့် ၇၇၈ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း ယမန်နေ့က သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယနေ့ (ဇန်နဝါရီ ၁ရက်)တွင် ထပ်မံရရှိသော စာရင်းဇယားများအရ ယမန်နေ့က ပျောက်ဆုံးစာရင်းတွင် ဖော်ပြခဲ့သည့် ၂၁ဦးအနက် ခြောက်ဦးသေဆုံးကြောင်း အတည်ပြုချက်ရရှိကာ ၁၂ဦးမှာ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ရောက်ရှိလာသဖြင့် ပျောက်ဆုံးသူ သုံးဦးသာ ကျန်တော့ကြောင်း သိရှိရပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❑

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် ဖွံ့ဖြိုးတိုးတက်လာသည့် စက်မှုကဏ္ဍ
(ဓာတ်ပုံမှတ်တမ်း) စာမျက်နှာ (၇)

ခိုင်ထက်အောင်၏ **"ကိုလိုနီလက်သစ်တို့၏ ပရိယာယ် သတိပြုကာကွယ်" (ဆောင်းပါး)** စာမျက်နှာ (၈-၉)

ရန်နိုင်ဦး၏ **"လွယ်လင့်တကူ ရယူခဲ့ခြင်း မဟုတ်ပါ"(ကဗျာ)** စာမျက်နှာ (၁၁)

ပြည်ထွန်း၏ **"နယ်ချဲ့ပယောဂဆိုတာဘာလဲ" (ကာတွန်း)** စာမျက်နှာ (၁၁)